# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၈) ရက် ၊ ကြာသပတေးနေ့ ၊ (15-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မချမ်းဘော့မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမျှော်ကြည်ညို၊ ရဝမ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့

အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်ရန် တည်ဆောက်သွားရမည်ဖြစ်သည်။

တပ်မတော်ဆိုသည်မှာ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)ဟူသည့် ကာကွယ်ရေးတပ်ပေါင်းစုကို ခေါ်ဝေါ်သတ်မှတ်ခြင်းဖြစ်သည်။ တပ်မတော်(လေ)သည် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့သည်ဖြစ်ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်ပြီး ယနေ့သည် တပ်မတော်(လေ)အတွက်သာမက တပ်မတော်နှင့် အမိနိုင်ငံတော်အတွက် ရက်မြတ်မင်္ဂလာပင်ဖြစ်ပေသည်။

တပ်မတော်(လေ)သည် စတင်ဖွဲ့စည်းပြီးကတည်းက ယနေ့ (၇၅)နှစ်ပြည့် စိန်ရတုကာလထိ ခေတ်မီတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ တပ်မတော်(လေ)၏ လေယာဉ်၊ ရဟတ်ယာဉ်များကို စွမ်းဆောင်ရည်နှင့် နည်းပညာမြင့်မားမှုများ အစားထိုးနိုင်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ရှေ့ဆက်၍လည်း အင်အားတောင့်တင်းပြီး နည်းပညာအဆင့်အတန်းမြင့်မားသည့် လေကြောင်းစွမ်းအားပိုင်ဆိုင်သည့် ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်တစိုက်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် လေသူရဲများ၊ စက်မှုလက်မှုစစ်သည်များ၏ လေ့ကျင့်ရေးစွမ်းရည် မြင့်မားလာစေရန်အတွက် လေယာဉ်အမျိုးအစားအလိုက် **Simulator** များ တပ်ဆင်ပေးခြင်း၊ လေ့ကျင့်ရေးကျောင်းများကို အဆင့်မြှင့်တင်ခြင်းနှင့် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်းများကို နိုင်ငံတော်ကဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်(လေ)အနေဖြင့် စွမ်းရည်မြင့်မားစွာ လှုပ်ရှားစစ်ဆင်နိုင်ပြီး နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို စိုးမိုးထားနိုင်ရန်အတွက် ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များ၊ ပျံသန်းစစ်ကစားနိုင်သည့် လေသူရဲများပိုင်ဆိုင်ရုံဖြင့် မပြည့်စုံနိုင်သည်ကို သိရှိထားရမည်ဖြစ်သည်။ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါနှင့် မိုးလေဝသ စသည့်ကဏ္ဍအသီးသီးမှ အရာရှိ၊ စစ်သည်အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှသာ စစ်ဆင်ရေးများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လေ့ကျင့်မှုကျွမ်းကျင်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပိုမိုကြိုးစားလေ့ကျင့်ရမည်ဖြစ်သည်။ သို့မှသာ မိမိကိုင်တွယ်မောင်းနှင်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပေးအပ်လာသည့် စစ်ဆင်ရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မိမိတို့၏ ကျွမ်းကျင်မှုအရည်အသွေးကို အမြဲထိန်းသိမ်းနိုင်ရန်လေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုရှိရန်လည်း အမြဲထိန်းသိမ်းလေ့ကျင့်နေရန်ဖြစ်သည်။

တပ်မတော်(လေ)အနေဖြင့် လေကြောင်းစစ်ဆင်မှုပြုလုပ်ခြင်းများ၊ မြေပြင်၊ ရေပြင်တပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်မှုများ၊ လေကြောင်းထောက်ပံ့မှုများ၊ ရဲရဲစွန့်စားစွာ တိုက်ပွဲဝင်ခဲ့မှုများကြောင့် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ နိုင်ငံ၏ တာဝန်ကို ကျေပွန်စွာ ဆက်လက်၍ စွမ်းစွမ်းတမံဆောင်ရွက်ကာ အင်အားတောင့်တင်းပြီး နည်းပညာအဆင့်အတန်းမြင့်မားသည့် လေကြောင်းစွမ်းအားပိုင်ဆိုင်သော ခေတ်မီတပ်မတော်(လေ)အဖြစ် ရပ်တည်နိုင်ပါစေကြောင်း (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲလွမ်းပြာကို ယခုအခါ ပြည်ပက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း၌ ပဲလွမ်းပြာအရောင်းအဝယ်မှာ ပုံမှန်အနေအထားတွင်ရှိနေကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲလွမ်းပြာတွေကို ပြည်တွင်းက ကုန်သည်တွေဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲအရောင်းအဝယ်က အရင်ကထက် ပိုပြီးကောင်းလာတာကြောင့် ဈေးကောင်းရလာပါတယ်။ တရုတ်နိုင်ငံကလဲ အခုတလော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ကအဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာအသစ်တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာလပထမပတ်အတွင်းက ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းဓလေ့ကြည့်ရှုသူ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ရှိနေ



**မန္တလေး ဒီဇင်ဘာ ၁၄**

ခရီးသွားရာသီ မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းဓလေ့ကို ကြည့်ရှုသူ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ခရီးသွားရာသီတွင် မန္တလေးမြို့အပါအဝင် အခြားမြို့များမှခရီးသွားများအနေဖြင့် မန္တလေး-ကျောက်မြောင်းကြားရှိဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို လာရောက်ကြည့်ရှုမှုများပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်းကခရီးသွားတွေ လာရောက်ကြည့်ရှုမှုမြန်များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ကျေးရွာတွေက ရေလုပ်သားတွေအကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို ကြည့်ရှုလေ့လာကြတာ ပိုပြီးများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့် ဓလေ့ကို ဒီဇင်ဘာလပထမပတ်အတွင်းက သွားရောက်ကြည့်ရှုသည့် ခရီးသွားဦးရေ တစ်ရက်လျှင် ၁၃၀ ကျော်သာရှိကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့် ဓလေ့သွားရောက်ကြည့်ရှုသူ ခရီးသွားဦးရေတစ်ရက်လျှင် ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များအနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာနှင့် မင်းကွန်းဒေသအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း ဦးမောင်မောင်လေးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စံပြကျေးရွာသုံးရွာတွင် သမဝါယမအသင်းသားများကို လယ်ထွန်စက် ခုနစ်စီးရောင်းချထား

**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်ရှိ စံပြကျေးရွာများတည်ထောင်နေသည့် ကျေးရွာသုံးရွာတွင် သမဝါယမအသင်းသားတောင်သူများ လယ်ယာလုပ်ငန်းခွင် အဆင်ပြေစေရန်အတွက် လယ်ထွန်စက် ခုနစ်စီးရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ မြို့နယ်သုံးမြို့နယ်ရှိ စံပြကျေးရွာသုံးရွာတွင် သမဝါယမအသင်းသားတောင်သူများ အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးကဏ္ဍများတွင် အချိန်မီ သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ်မေလမှ ယနေ့ထိ လယ်ယာသုံးစက်ကိရိယာ Daedong လယ်ထွန်စက် ခုနစ်စီး ရောင်းချပေးထားကြောင်း၊ စံပြကျေးရွာရှိ အသင်းသားတောင်သူများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းခွင်အဆင်ပြေစေရန်အတွက် တစ်ဖက်တစ်လမ်းမှကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနဲ့ ပံ့ပိုးပေးတာပါ။ ဒီဘဏ္ဍာနှစ်ထဲမှာ စံပြကျေးရွာတည်ထောင်တဲ့ ကျေးရွာသုံးရွာက တောင်သူတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ပေးတာပါ။ နိုင်ငံတော်ဘတ်ဂျက်က ၅၀ ရာခိုင်နှုန်းနဲ့ ဝယ်ယူသူအသင်းသားတောင်သူက ၅၀ ရာခိုင်နှုန်းကျခံပြီး လက်ငင်းငွေချေစနစ်နဲ့ ရောင်းချပေးထားပါတယ်။ ကျန်တဲ့ဆက်စပ်ပစ္စည်း ၁၅ ခုကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ ကျေးရွာသုံးရွာရှိ အသင်းသားတောင်သူတွေလိုအပ်တဲ့ စက်ကိရိယာတွေကို ရောင်းချပေးတာပါ။ အသင်းသားတောင်သူတွေ သီးနှံတွေအချိန်မီ စိုက်ပျိုးနိုင်ပြီးတော့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကူညီဆောင်ရွက်ပေးတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ်အတွင်း စံပြကျေးရွာများအဖြစ် ဆောင်ရွက်နေသည့် ပုသိမ်ကြီးမြို့နယ် နန္ဒာမြောင်ကျေးရွာတွင် နှစ်စီး၊ တံတားဦးမြို့နယ် မြူကန်ကျေးရွာတွင် သုံးစီး၊ ငါန်းဇွန်မြို့နယ် အရှေ့ရွာသစ်ကျေးရွာတွင် နှစ်စီးရောင်းချပေးထားကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းနည်းအဖွဲ့-၀၃၃-၇၂၇၈၀၁၀၉-၄၅၈၈၈၁၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ဂုဏ်ပြုဆောင်းပါး

# ထာဝစဉ်နှုပျိုနေဦးမည့် တပ်မတော်(လေ)

## အောင်ဇေယျ

မေခနှင့်မလိခ မြစ်နှစ်မြွာပေါင်း၍ ဧရာဝတီမြစ်ကြီးဖြစ်လာသကဲ့သို့ တော်ဝင်လေတပ်နှင့် နီပွန်လေတပ်တို့ကလေ့ကျင့်ပေးထားသော မြန်မာလေသူရဲနှစ်ဖွဲ့ကိုအမာခံထား၍ ဗမာ့လေတပ်မတော်ဖြစ်လာသည်။ ဗမာ့လေတပ်မတော်ကို ၁၅-၁၂-၁၉၄၇ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်းအတည်ပြုခဲ့သဖြင့် ယနေ့တပ်မတော်(လေ)၏သက်တမ်းမှာ (၇၅)နှစ်တိုင်ခဲ့ပြီ။

တပ်မတော်(လေ)ကို စတင်တည်ထောင်စဉ်က အထွေထွေဌာနခွဲ၊ စက်မှုလက်မှုဌာနခွဲ၊ အုပ်ချုပ်မှုဌာနခွဲဟူသော ပင်မဌာနကြီးသုံးခုဖြင့်ဖွဲ့စည်းခဲ့သည်။ အင်ဂျင်နီယာတွေရှိသော စက်မှုလက်မှုဌာနခွဲနှင့် ရေး/ထောက်တာဝန်ယူရသော အုပ်ချုပ်မှုဌာနခွဲတို့က လေယာဉ်နှင့် လေသူရဲတွေရှိသော အထွေထွေဌာနခွဲကို ပံ့ပိုးပေးကြရသည်။ လေယာဉ်နှင့်လေသူရဲသည် လေတပ်တစ်ခု၏ အဓိကတိုက်စွမ်းအားဖြစ်သည်။ တပ်မတော်(လေ)သည် ဖွဲ့စည်းပုံနှင့်စစ်လက်နက်ပစ္စည်းတွေမည်သို့ပင် တိုးတက်ပြောင်းလဲလာစေကာမူ အခြေခံသဘောတရားမှာ အတူတူပင်ဖြစ်၏။

လေတပ်သည် လေသူရဲ/ လေယာဉ်သားတွေ အဓိကထား စစ်ဆင်ရေးလုပ်သောတပ်ဖြစ်ပါ၏။ လေယာဉ်ပေါ်ခါစတွင် လေသူရဲရှားပါးသောကြောင့်လည်းကောင်း၊ ရိုးစင်းသောလေယာဉ်ဖြစ်သောကြောင့်လည်းကောင်း အရာခံလေသူရဲ၊ အကြပ်ကြီးလေသူရဲတွေရှိခဲ့ဖူးသည်။ လေယာဉ်မျိုးဆက် (Aircraft Generation) မြင့်မားလာသောအခါ သိပ္ပံနည်းပညာတတ်သိရန်လိုအပ်ခြင်း၊ ဆုံးဖြတ်ချက်မြန်ရန်မှန်ရန်လိုအပ်ခြင်း၊ အုပ်ဖွဲ့ကို ခေါင်းဆောင်မှုပေးရန်လိုအပ်ခြင်း၊ လေယာဉ်ကြီးများတွင် ဦးစီးတာဝန်ခံရန်လိုအပ်ခြင်း စသည့်အချက်များကြောင့် ခေတ်ပညာတတ် ပြန်တမ်းဝင်အရာရှိများကို လေသူရဲလေယာဉ်မှူးတာဝန်ပေးအပ်လာကြသည်။

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့တွင် တစ်ဖက်နှင့်တစ်ဖက် လေယာဉ်ချင်း၊ လက်နက်ချင်း အလွန်အမင်းမကွာလှချေ။ လေသူရဲ၏ကျွမ်းကျင်မှုကသာ အဆုံးအဖြတ်ပေးသည်။ ကမ္ဘာစစ်လွန်ကာလတွင် လေယာဉ်တည်ဆောက်မှုနှင့် လက်နက်စနစ်နည်းပညာသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်လာ၏။

လေယာဉ်မျိုးဆက် မြင့်လာသည်နှင့်အမျှ စွမ်းပကားမြင့်တက်လာ၏။ ခေတ်မီစက်ကိရိယာများကို လေသူရဲက ကောင်းစွာအသုံးပြုနိုင်ရန်သာ လိုအပ်ပေ၏။

ထို့ကြောင့် “နည်းပညာသည် လေသူရဲ၏ အကောင်းဆုံးလက်နက်” (Technology is the best weapon of the pilot) ဟု ဆိုရိုးဖြစ်လာ၏။ မိမိလေတပ်ကို ခေတ်မီနေစေရန် ဤအချက်က သတိပေးလျက်ရှိသည်။

စစ်ဆင်ပျံသန်းသည်ဖြစ်စေ၊ လေ့ကျင့်ပျံသန်းသည်ဖြစ်စေ ပြေးလမ်းပေါ်မှ လေယာဉ်ဘီးကြွမြောက်၍ လေထဲရောက်ပြီဆိုသည်နှင့် ပြန်မဆင်းမချင်း အန္တရာယ်ရှိနေပါသည်။ လေထဲတွင်ရှိနေသမျှ “လူ - စက် - ဥတု” (Man- Machine- Media) ဟူသော M သုံးလုံးကို ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။ လူကြောင့်လည်းကောင်း၊ စက်ကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း အချိန်မရွေးဘေးတွေ့နိုင်ပါသည်။ ရန်သူ့တုံ့ပြန်မှုမပါသေးချေ။ ထို့ကြောင့် လေသူရဲများသည် ဤဘေးအန္တရာယ်များကြားမှပင် မိမိတို့အား ပေးအပ်ထားသော ပျံသန်းရေးတာဝန်များ တစ်နည်းအားဖြင့် တပ်မတော်(လေ)၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရပါသည်။

တပ်မတော်(လေ)၏တာဝန်ကား အဘယ်နည်း။ လေတပ်အလံနှင့် လေတပ်လေယာဉ်တွင်ပါရှိသော



လေတပ်တံဆိပ် (MAF Roundel) က ဤတာဝန်ကို ညွှန်ပြနေပါသည်။ ဤတံဆိပ်ကို တွေ့မြင်တိုင်း လေတပ်သားများသည် မိမိတို့တာဝန်ကို သိရှိနေကြမည်ဖြစ်သည်။

**MAF Roundel** မှာ အပြာရောင်သုံးနားညီတြိဂံထဲတွင် အဖြူရောင်နှင့် အဝါရောင်တြိဂံနှစ်ခုကို အချိုးကျစွာ ထည့်သွင်းထားသောပုံဖြစ်သည်။ အငယ်ဆုံး ရွှေတြိဂံသည် ရွှေရောင်တလက်လက်တောက်ပနေသော ဘုရားစေတီနှင့် ရွှေဝါရောင်စပါးခင်းကို ကိုယ်စားပြုသည်။ အလယ်တွင် ခြယ်သထားသော အဖြူရောင်တြိဂံသည် တပ်မတော်(လေ)ရှိ သူရဲကောင်းစစ်သည်တော်များ၏ ရိုးသားမှု၊ သစ္စာရှိမှုနှင့် ဖြူစင်သောစိတ်ဓာတ်တို့ကို ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။ အပြင်ဘက်ဆုံးတွင် ခြယ်သထားသော မိုးပြာရောင်တြိဂံသည် ကျယ်ပြောလှသော မြန်မာ့လေပိုင်နက်ကိုရည်ညွှန်းပြီး ဝေဟင်တွင်တာဝန်ထမ်းဆောင်ရသော တပ်မတော်(လေ)ကို ကိုယ်စားပြုသည်။

အပြာရောင်တြိဂံကြီးက အနားသတ်ပေးထားခြင်းမှာ အတွင်းက အဝါနှင့်အဖြူ တြိဂံနှစ်ခုကို လုံခြုံအောင် ကာကွယ်ပေးသည့် အဓိပ္ပာယ်ဖြစ်သည်။ ထို့အတူ တပ်မတော်(လေ)သည် ကောင်းကင်ယံကို စိုးမိုးထားပြီး မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကို ကာကွယ်မည်ဖြစ်သည်။ ဤတာဝန်သည် တပ်မတော်(လေ)၏ မူလတာဝန်ဖြစ်ပြီး အဓိပ္ပာယ်လေးနက်သော သုံးရောင်ခြယ်တြိဂံဖြင့် ဖော်ကျူးထားသည်။

လေတပ်သမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်(လေ)သည် ဝေဟင်မှနေ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အတောင်အလက်မစုံခင်ကပင် စတင်ထမ်းဆောင်ခဲ့ပုံကိုတွေ့ရသည်။ မြန်မာနိုင်ငံသည် ၄-၁-၁၉၄၈ ရက်နေ့တွင် လွတ်လပ်ရေးရ၏။ ဗမာ့လေတပ်မတော်ကို ၁၅-၁၂-၁၉၄၇ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်း အတည်ပြုလိုက်သည်ဖြစ်ရာ လွတ်လပ်ရေးရချိန်တွင် လေတပ်သည် တစ်လသားပင် မပြည့်သေးချေ။ လွတ်လပ်ရေးရအပြီး လပိုင်းအတွင်း ပေါ်ပေါက်လာသော ရောင်စုံသောင်းကျန်းသူများကို ကြည်းတပ်မတော်ကနှိမ်နင်းရာတွင် ရှိသည့်လေယာဉ် (အမောင်းသင် အောက်စဖို့လေယာဉ်၊ သယ်ပို့အော်စတာလေယာဉ်ငယ် စသည့်. . .)၊ ရှိသည့်လူ (အမောင်းသင်တန်းနည်းပြဆရာ၊ သင်တန်းဆင်းစလေသူရဲ)၊ ရှိသည့်လက်နက် (ပိုက်၊ မီးသတ်ဘူးခွံထဲမှာယမ်းထည့်ပြီး စနက်တံတပ်ထားသော လက်ဖြစ်ဗုံး၊ မြေပြင်သုံးစက်သေနတ်)တို့ဖြင့် အနီးကပ်လေကြောင်းအကူပေးခဲ့ရသည်။ ဘာမှမရှိတာထက် တစ်ခုခုရှိတာကပိုကောင်းသည်ဆိုသကဲ့သို့ မဖြစ်ဖြစ်အောင်တီထွင်ကြံဆလုပ်ကိုင်မှုကလည်း အရာရောက်သင့်သလောက် ရောက်ခဲ့ပါသည်။

မိမိဘက်တွင်လည်း ဆုံးရှုံးမှုတွေရှိခဲ့ပါသည်။ အင်းစိန်အထိ KNDO တို့က သိမ်းပိုက်ထားပြီး ရန်ကုန်အစိုးရဟု ကမ္ဘာကလှောင်ပြောင်နေချိန်တွင် ရောင်စုံ သောင်းကျန်းသူတို့သည် ရန်ကုန်ကို သိမ်းပိုက်ရန် ပြည်ဘက်မှစစ်ကြောင်းတစ်ကြောင်း၊ တောင်ငူဘက်မှ စစ်ကြောင်းတစ်ကြောင်းခွဲ၍ ဆင်းလာသည်။ တောင်ငူကို သိမ်းပိုက်ထားသော KNDO များကို အောက်စဖို့လေယာဉ်ဖြင့်သွားရောက်တိုက်ခိုက်သည်။ လေကြောင်းပစ်ကူပေးသည်။ စာဗူးတောင်းတိုက်ပွဲဟု နာမည်ကြီးသည်။ ထိုတိုက်ပွဲတွင် မိမိဘက်မှ လေယာဉ်နှင့် လေယာဉ်သားတွေ ဆုံးရှုံးခဲ့ရသည်။ လေသူရဲမှာ သင်တန်းဆင်းပြီးစ ရက်ပိုင်းသာရှိသေးသည်။

သာယာဝတီအနီးရှိ ကွန်မြူနစ်သောင်းကျန်းသူစခန်းကို လေတပ်ဦးစီးချုပ် ဗိုလ်မှူးအက်စ်ခင် ခေါင်းဆောင်သော အောက်စဖို့လေယာဉ်သုံးစင်းဖြင့် တိုက်ခိုက်ရာတွင် ပစ်မှတ်ညွှန်ပြရန် ခေါင်းဆောင်လေယာဉ်ပေါ်တွင် လိုက်ပါလာသော တိုင်းမင်းကြီး ဗိုလ်စိန်မှန်သည် ရန်သူ့ကျည်သင့်ကာ တွဲဘက်လေယာဉ်မှူးထိုင်ခုံပေါ်မှာပင် ကျဆုံးသွားခဲ့ပါသည်။

စစ်ဆိုသည်မှာ သူ့ဘက်ကိုယ့်ဘက် ထိခိုက်မည်ဖြစ်သည်။ အဆန်းမဟုတ်သဖြင့် လုပ်စရာရှိသည်ကို ဆက်လုပ်ရသည်။ တစ်ပတ်နွမ်းလေယာဉ်တွေ ဝယ်သုံးရသည်။ စစ်ဆင်ရေးမှာ အသုံးပြုရသည်။ လေသူရဲတွေ စစ်ဆင်ရင်းလေ့ကျင့်ရသည်။ လေ့ကျင့်ရင်း စစ်ဆင်ရသည်။ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးတစ်လျှောက်လုံးတွင် လေကြောင်းပစ်ကူမပျက်ကွက်ခဲ့ချေ။ ဤသို့လျှင် ရန်ကုန်အစိုးရဘဝမှ တစ်မြို့ပြီးတစ်မြို့ ပြန်လည်သိမ်းပိုက်ကာ သောင်းကျန်းသူများကို နယ်စွန်နယ်ဖျားတောတောင်ကြားသို့ မောင်းထုတ်ခဲ့သော တပ်မတော်၏တိုက်ပွဲစဉ်များတွင် လေကြောင်းအကူများပါဝင်ခဲ့ပေသည်။

တပ်မတော်(လေ)သည် ပြည်တွင်းသောင်းကျန်းသူများကိုသာမက ပြည်ပကျူးကျော်သူ တရုတ်ဖြူတပ်များကို ၁၉၅၁ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း တပ်မတော်(ကြည်း)က နဂါးနိုင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင် စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေး စသည့်စစ်ဆင်ရေးများဖြင့် တိုက်ထုတ်ရာတွင်လည်း လေကြောင်းကင်းထောက်ခြင်း၊ အနီးကပ်ပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသောလေကြောင်းအကူအမျိုးမျိုးပေးခဲ့ပါသည်။

မဲခေါင်စစ်ဆင်ရေးတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရှေ့တောင်အာရှဒေသ၌ ပထမဆုံးလေကြောင်းတိုက်ပွဲကို မြန်မာလေသူရဲတွေ ဆင်နွှဲခဲ့ကြသည်။ ကူမင်တန်တပ်အတွက် လက်နက်ရိက္ခာချပေးရန် မြန်မာ့လေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသော ဒသမ ၅ စက်အမြောက် ၁၀ လက် တပ်ဆင်ထားသည့် PB 4 Y-2 Privateer (B-24 လေယာဉ်မျိုးဆက်) လေယာဉ်ကြီးနှင့် တပ်မတော်(လေ)မှ ဗိုလ်မောင်သိန်း၊ ဗိုလ်ချစ်ခိုင်၊ ဒုဗိုလ်ပီတာတို့ မောင်းနှင်သော ဆီးဖြူရီ တိုက်လေယာဉ်သုံးစင်းတို့ ဆုံတွေ့တိုက်ခိုက်ခဲ့ကြသည်။ ကူမင်တန်လေယာဉ် မီးလောင်ပျက်ကျ၍ မိမိဘက်မှ ဒုဗိုလ်ပီတာကျဆုံးခဲ့သည်။ ဝမ်ပန်ဆန်းရွာကောင်းကင်ယံတွင်ဖြစ်ပွားခဲ့သောကြောင့် ဝမ်ပန်ဆန်းလေကြောင်းတိုက်ပွဲဟု သမိုင်းဝင်သည်။

အကျိုးဆက်မှာ အမေရိကန်နောက်ခံပြု ကူမင်တန်တို့၏ကျူးကျော်မှုကို ကမ္ဘာသိ၊ ကုလသိအောင် သက်သေပြနိုင်ခဲ့ခြင်းဖြစ်ပြီး ကူမင်တန်တပ်တွေ မြန်မာ့မြေပေါ်မှ အပြီးအပိုင်ထွက်ခွာပေးခဲ့ရသည်။

တပ်မတော်(လေ)သည် လွတ်လပ်ရေးရသည်မှ ယနေ့အထိ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူလက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ ထမ်းဆောင်ဆဲဖြစ်သည်။ ကင်းထောက်အကဲခတ်ကြည့် ပစ်မှတ်ညွှန်ပြလေယာဉ်၊ တိုက်လေယာဉ်အမျိုးမျိုး၊ သယ်ယူပို့ဆောင်ရေးလေယာဉ်အမျိုးမျိုး၊ ရဟတ်ယာဉ်အမျိုးမျိုးတို့ဖြင့် စစ်ဆင်ရေးမြောက်မြားစွာတွင်ပါဝင်ခဲ့သည်။ ထင်ရှားသော စစ်ဆင်ရေးနှင့် တိုက်ပွဲများမှာ ကွမ်းလုံရက် ၄၀ တိုက်ပွဲ၊ အောင်စိုးမိုးစစ်ဆင်ရေး၊ ရဲမင်းအောင်စစ်ဆင်ရေး(ခြူးရွှေပန်ကောက်တိုက်ပွဲ)၊ စီစီဝန်တာပန်တိုက်ပွဲ၊ နဂါးမင်းစစ်ဆင်ရေး (မာနယ်ပလောတိုက်ပွဲ)၊ မိုင်းယန်းတိုက်ပွဲ၊ မဲသဝေါတိုက်ပွဲတို့ဖြစ်ကြသည်။ ဤစစ်ဆင်ရေးနှင့် တိုက်ပွဲများသည် သက်တမ်းအရင့်ဆုံးနှင့် အင်အားအတောင့်တင်းဆုံး သောင်းကျန်းသူအဖွဲ့များဖြစ်ကြသော ဗကပနှင့် KNU တို့၏ နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်များကို ရိုက်ချိုးအောင်ပွဲခံခဲ့သော စစ်ဆင်ရေးနှင့်တိုက်ပွဲများဖြစ်ကြသည်။

ကွမ်းလုံရက် ၄၀ တိုက်ပွဲမှာ ဗကပသည် ကွမ်းလုံမြို့ကို သိမ်းပိုက်ပြီး ကိုးကန့်နှင့် “ဝ” နယ်များကို ချဲ့ထွင်ကာ သံလွင်အရှေ့ခြမ်းစိုးမိုးရေးဟူသည့် ရည်ရွယ်ချက်ဖြင့် ထိုးစစ်ဆင်လာခြင်းဖြစ်သည်။ တပ်မတော်က မဆုတ်တမ်း ခံစစ်ဖြင့်တုံ့ပြန်ခဲ့သည်။ ရဲတပ်ဖွဲ့၊ တိုင်းရင်းသားကာကွယ်ရေးတပ်များ၊ ပြည်သူများလက်တွဲပါဝင်ကြသည်။ လေတပ်အကူလည်း ပေးရသည်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလမှစတင်ခဲ့သော တိုက်ပွဲသည် ဒီဇင်ဘာလ ၁၇ ရက်နေ့ ကောင်းဖြတိုက်ပွဲအပြီးတွင် ဗကပတို့ အရှုံးကြီးရှုံးပြီး ကွမ်းလုံစစ်မျက်နှာတစ်ခုလုံးမှ ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ ရက်ပေါင်း ၄၀ ကြာမြင့်သော သမိုင်းဝင်တိုက်ပွဲကြီးပါပေ။

အောင်စိုးမိုးစစ်ဆင်ရေးမှာ ပဲခူးရိုးမ ဗကပချုပ်ငြိမ်းရေးအတွက် “ဖြတ်လေးဖြတ်” ပြည်သူ့စစ်နည်းဗျူဟာကိုကျင့်သုံးခဲ့သော စစ်ဆင်ရေးဖြစ်သည်။ ဤစစ်ဆင်ရေးတွင် ဗကပဥက္ကဋ္ဌ သခင်ဇင်နှင့် သခင်ချစ်တို့ကိုအသေဖမ်းဆီးရမိခဲ့သည်။ **စာမျက်နှာ ၅၁သို့**

နိုင်ငံတကာ သတင်းများ

## ယူကရိန်းရှိ ရုရှားတပ်များရုပ်သိမ်းပေးရန် သမ္မတ ဇီလန်စကီးအဆိုပြုချက် ရုရှားငြင်းပယ်

**မော်စကို ဒီဇင်ဘာ ၁၄**

ရုရှားတပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုထားသော ယူကရိန်း သမ္မတဇီလန်စကီး၏ငြိမ်းချမ်းရေး အဆိုပြုချက်ကို ရုရှားနိုင်ငံက ဒီဇင်ဘာ ၁၃ ရက်တွင် ငြင်းပယ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် ယခုနှစ်ခရစ္စမတ်ကာလ အတွင်း ရုရှားတပ်များ စတင်ရုပ်သိမ်းပေးခြင်းဖြင့် စတင်ရမည့် ငြိမ်းချမ်းရေးအစီအစဉ်ကို ထောက်ခံရန် ဒီဇင်ဘာ ၁၂ ရက်တွင် ဂျီ-၇ အုပ်စုခေါင်းဆောင်များကို မေတ္တာရပ်ခံခဲ့သည်။

သို့သော် ယူကရိန်းသမ္မတ၏ အထက်ပါအဆိုပြုချက်ကို ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ဗ်ကပယ်ချခဲ့ပြီး ယူကရိန်းအနေဖြင့် အချုပ်အခြာပိုင်နယ်မြေနှင့်ပတ်သက်၍ လက်တွေ့အခြေအနေသစ်များကို လက်ခံရန်လိုကြောင်း ပြောကြားခဲ့သည်။

အချုပ်အခြာပိုင်နယ်မြေဆိုင်ရာ လက်တွေ့အမှန်တရားသစ်များထဲတွင် ယူကရိန်းနယ်မြေလေးခုအား ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုလည်းပါဝင်သည်ဟု ဒီမီထရီ ပက်စကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်း အရှေ့ပိုင်းနှင့် တောင်ပိုင်းနယ်မြေလေးခုကို ရုရှားအချုပ်အခြာအောက်သို့ ထည့်သွင်းလိုက်ပြီဖြစ်ကြောင်း ယခုနှစ်စက်တင်ဘာလအတွင်း ကြေညာထားကြောင်း သိရသည်။

ယူကရိန်းအနေဖြင့် အချုပ်အခြာနယ်မြေဆိုင်ရာ လက်တွေ့အမှန်တရားများကို ထည့်သွင်းတွက်ချက်ခြင်းမရှိပါက ပဋိပက္ခအခြေအနေ ပိုထူးလာမည်မဟုတ်ဟု ဒီမီထရီ ပက်စကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## မျိုးဆက်သစ်များအား ဆေးလိပ်ရောင်းချမှု ပိတ်ပင်ရေးဥပဒေ နယူးဇီလန်လွှတ်တော် အတည်ပြု

**ဝယ်လင်တန် ဒီဇင်ဘာ ၁၄**

ဆေးလိပ် သောက်သုံးမှု တိုက်ဖျက်ရေးဥပဒေသစ်များအရ နယူးဇီလန်နိုင်ငံသည် အနာဂတ်မျိုးဆက်သစ်များ ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်း ဝယ်ယူခွင့်ကို ပိတ်ပင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

နယူးဇီလန် လွှတ်တော်သည် ဒီဇင်ဘာ ၁၃ ရက်က ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ရေးဥပဒေသစ်များကို အတည်ပြုခဲ့ရာ ယင်းဥပဒေများသည် ကမ္ဘာပေါ်၌ အတင်းကျပ်ဆုံး ဆေးလိပ်တိုက်ဖျက်ရေးဥပဒေများထဲ၌ ပါဝင်ကြောင်း သိရသည်။

အဆိုပါဥပဒေများအရ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်း မွေးဖွားသူ မည်သူကိုမဆို ဆေးလိပ်ရောင်းချပေးမှု ပိတ်ပင်ထားပြီး ရောင်းချခဲ့ပါက ရောင်းချသူကို အမေရိကန်ဒေါ်လာ ၉၅၉၁၀ ဒေါ်လာထိ ဒဏ်ငွေရိုက်နိုင်မည်ဖြစ်သည်။

အဆိုပါ ပိတ်ပင်ချက်သည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်းဖွား နယူးဇီလန်နိုင်ငံသားအားလုံး၏ ဘဝတစ်လျှောက်လုံးအတွက် အကျုံးဝင်မည်ဖြစ်သည်။

နယူးဇီလန်၏ ဆေးလိပ်သောက်သုံးမှုတိုက်ဖျက်ရေးဥပဒေသစ်များတွင် ဆေးလိပ်များ၌ ပါဝင်ခွင့် ပြုထားသော နီကိုတင်းဓာတ်ပမာဏကို လျှော့ချထားသလို ဆေးလိပ် ရောင်းခွင့်ရှိသော အရောင်းဆိုင် အရေအတွက်ကိုလည်း များစွာလျှော့ချထားကြောင်း သိရသည်။

ယင်းဥပဒေများအရ လက်ရှိအချိန်တွင် ၆၀၀၀ ထိထုတ်ပေးထားသည့် ဆေးလိပ်ရောင်းခွင့်လိုင်စင်များကို ၂၀၂၃ ခုနှစ် နှစ်ကုန်ချိန်တွင် ၆၀၀ ထိသာ ထုတ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

KKO



## ရုရှားလေတပ်မှ တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ်များ ဂျပန်ပင်လယ်ဒေသ၌ ခုနစ်နာရီကြာ ကင်းလှည့်ပျံသန်း



**မော်စကို ဒီဇင်ဘာ ၁၄**

ရုရှားလေတပ်မှ တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်းသည် ဂျပန်ပင်လယ်ဒေသ၌ ခုနစ်နာရီကြာ ကင်းလှည့်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နျူကလီးယား လက်နက်များ တင်ဆောင်နိုင်စွမ်းရှိသည့် အဆိုပါ တီယူ-၉၅ ဗုံးကြဲလေယာဉ်များကို ရုရှားလေတပ်မှ အက်စ်ယူ အမျိုးအစား တိုက်လေယာဉ်များက အစောင့်လိုက် ပျံသန်းပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ကြေညာချက်၌ တီယူ-၉၅ ဗုံးကြဲလေယာဉ်များ ဂျပန်ပင်လယ်ဝေဟင်အတွင်း ကင်းလှည့်ပျံသန်းခဲ့သည့်နေ့ကို ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်မှုများပြုလုပ်နေစဉ် တစ်ဖက်တွင်လည်း အရှေ့ဖျားဒေသရှိ အိမ်နီးချင်းနိုင်ငံများကို အင်အားပြသည့်အနေဖြင့် မဟာဗျူဟာဗုံးကြဲလေယာဉ်များကင်းလှည့်ပျံသန်းမှုကို ပုံမှန်ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်လကလည်း ရုရှားလေတပ်သည် တရုတ်လေတပ်နှင့် ပူးတွဲ၍ ဂျပန်ပင်လယ်နှင့် အရှေ့တရုတ် ပင်လယ်ဝေဟင်များ၌ ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့သည်။

နောက်ဆုံးပြုလုပ်ခဲ့သော ဂျပန်ပင်လယ် ကင်းလှည့်ပျံသန်းမှုကို နိုင်ငံတကာ ဝေဟင်ပိုင်နက်စည်းမျဉ်းများနှင့်အညီ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

KKO

## သမ္မတစွပ်စွဲပြစ်တင်ရေးလုပ်ငန်းစတင်ရေးအဆိုကို တောင်အာဖရိက လွှတ်တော်ပယ်ချ

**ပရီတိုးရီးယား ဒီဇင်ဘာ ၁၄**



သမ္မတ ဆိုင်ရီးလ်ရာမာဖိုဆာအား စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ် စတင်ရေးအစီအစဉ်ကို တောင်အာဖရိကလွှတ်တော်က ဒီဇင်ဘာ ၁၃ ရက်တွင် မဲခွဲပယ်ချခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၁၃ ရက် လွှတ်တော်မဲခွဲပွဲတွင် သမ္မတ ရာမာဖိုဆာအား စွပ်စွဲပြစ်တင်မှု စတင်ရေးအဆိုကို လွှတ်တော်အမတ် ၂၁၄ ဦးတို့က ကန့်ကွက်မဲပေးခဲ့ပြီး ၁၄၈ ဦးတို့က ထောက်ခံမဲပေးခဲ့ကြသည်။

လက်ရှိအာဏာရ အာဖရိကအမျိုးသား ကွန်ဂရက်ပါတီသည် အမတ်နေရာအများစုဖြင့်လွှတ်တော်ကိုထိန်းချုပ်ထားသည်ဖြစ်ရာ သမ္မတအပေါ် စွပ်စွဲပြစ်တင်ရေးအတွက် အတိုက်အခံများ၏ ကြိုးပမ်းမှုကို ဟန့်တားနိုင်ခဲ့သည်။

အတိုက်အခံများ အနေဖြင့် သမ္မတစွပ်စွဲ ပြစ်တင်ရေးလုပ်ငန်းစဉ်ကို စတင်ရန် လွှတ်တော်အမတ် သုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရှိရန် လိုအပ်သည်။

သမ္မတ ရာမာဖိုဆာသည် ၎င်း၏ ကိုယ်ပိုင်လယ်ယာခြံ၌ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၈၀၀၀၀ကို ကြေညာခြင်းမရှိဘဲ တရားမဝင် သိမ်းဆည်း ထားခဲ့သည်ဟူသော စွပ်စွဲချက်နှင့် ရင်ဆိုင်နေရသည်။

ထို့ပြင် အဆိုပါနိုင်ငံခြားငွေများအား မည်သို့ရထားသည်၊ အဘယ်ကြောင့် တာဝန်ရှိသူများထံ အသိပေးကြေညာထားခြင်း မရှိခဲ့သည်ဆိုသောမေးခွန်းများကို ရှောင်လွှဲရေးအတွက် ယင်းငွေများအခိုးခံခဲ့ရသည်ကို ရာမာဖိုဆာက ရဲတပ်ဖွဲ့ထံ တိုင်ချက်မဖွင့်ခဲ့ကြောင်း လွှတ်တော်စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတစ်ရပ်၌ စွဲချက်တင်ထားသည်။

KKO

## ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်အတွင်း တရုတ်သင်္ဘောများရောက်ရှိနေမှု ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဟိုဆေးဖော်စတီနို ဝေဖန်

**မနီလာ ဒီဇင်ဘာ ၁၄**

တောင်တရုတ် ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွား ရေပြင်အတွင်း တရုတ်သင်္ဘောအများအပြားရောက်ရှိနေမှုနှင့် ပတ်သက်၍ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဟိုဆေးဖော်စတီနိုက ယနေ့တွင် ဝေဖန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အနောက်ဖိလစ်ပိုင် ပင်လယ်ရေပြင်အတွင်းရှိ အိုင်ရိုကွစ်သန္တာကျွန်းနှင့် ဆာဟီနာ ရေအောက်သဲခုံတန်းနယ်မြေတို့၌ တရုတ်သင်္ဘောအများအပြား စုဝေးရောက်ရှိနေမှုသတင်းအတွက် မိမိအနေဖြင့် စိုးရိမ်မကင်းဖြစ်မိကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင် စစ်ဘက်ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ အဆိုအရ အနောက်ဖိလစ်ပိုင် ပင်လယ်အတွင်းရှိ အဆိုပါနယ်မြေများအတွင်းသို့ ယခုနှစ်စပိုင်းမှစ၍ တရုတ်သင်္ဘောအများအပြား စုဝေးရောက်ရှိနေကြောင်း ဖိလစ်ပိုင်ပြည်တွင်းမီဒီယာများက ပြီးခဲ့သည့် ရက်သတ္တပတ်က သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံက အနောက်ဖိလစ်ပိုင်ပင်လယ်ဟူ၍ ရည်ညွှန်းသည့် တောင်တရုတ်ပင်လယ်ရေပြင်ဒေသကို တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါရေပြင်နယ်မြေအတွင်းသို့ တရုတ်သင်္ဘောအများအပြား စုဝေးရောက်ရှိနေမှုသည်ဖိလစ်ပိုင်၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရာရောက်သော လက်သင့်ခံ၍ လုံးဝမရသည့် လုပ်ရပ်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက ယနေ့တွင် ဝေဖန်ခဲ့သည်။

အိုင်ရိုကွစ်သန္တာကျွန်း သည် ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ကျွန်းနှင့် ရေမိုင် ၁၂၇ မိုင်အကွာ ပိုင်ဆိုင်ခွင့်အငြင်းပွား ရေပြင်အတွင်း တည်ရှိကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းသို့ Saab JAS 39 Gripen တိုက်လေယာဉ်များပေးပို့ရန်မရှိဟု ဆွီဒင်ကာကွယ်ရေးဝန်ကြီးပြော



ဆွီဒင်နိုင်ငံသည် ၎င်း၏ ခေတ်မီဆန်းသစ်သော Saab JAS 39 Gripen တိုက်လေယာဉ်များ ယူကရိန်းသို့ ပေးပို့ရန် ရည်ရွယ်ထားခြင်းမရှိကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီး Pol Jonson က ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ ဆွီဒင်နိုင်ငံအပါအဝင် အနောက်နိုင်ငံကျောထောက်နောက်ခံပြု နိုင်ငံများထံမှ ခေတ်မီတိုက်လေယာဉ်များရယူလိုကြောင်း ယူကရိန်းက ပြောခဲ့သည်။

Odessa တွင် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Aleksey Reznikov နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် Jonson က ရုရှားနှင့် ပဋိပက္ခတွင် Gripen ဂျက်လေယာဉ်များကို အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ မှတ်ချက်ပေးရန် မေးမြန်းခံခဲ့ရသည်။

"Gripen ကို ယူကရိန်းဆီပို့ဖို့ အစီအစဉ်မရှိပါဘူး။ အဲဒါကို ရှင်းရှင်းလင်းလင်း သိစေချင်ပါတယ်။ ဒါပေမဲ့ ဒါဟာ အရမ်းကောင်းတဲ့လေယာဉ်လို့ ကျွန်တော်ထင်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတော်တော်များများက ဒီလေယာဉ်အမျိုးအစားကို အသုံးပြုနေကြကြောင်း သိစေချင်ပါတယ်"ဟု ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Aleksey Reznikov က ဖြေကြားခဲ့သည်။

Reznikov က နောက်ဆက်တွဲမှတ်ချက်တစ်စုံတစ်ရာ မပေးခဲ့သော်လည်း အောက်တိုဘာလတွင် Politico သတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ယူကရိန်းအနေဖြင့် နောက်ဆုံးတွင် အနောက်တိုင်းခေတ်မီစစ်လက်နက်ပစ္စည်းများကို ရရှိနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း ပြောကြားခဲ့ဖူးသည်။

"F-16s၊ F-15s သို့မဟုတ် ဆွီဒင်မှ Gripen ကဲ့သို့သော တိုက်လေယာဉ်များ ပေးပို့ခြင်းဖြစ်နိုင်မည်မှာ သေချာပါသည်" ဟု ထိုအချိန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"တကယ်လို့ယူကရိန်း JAS Gripen ကို ဝယ်ချင်တယ်ဆိုရင် ကျွန်တော်တို့က ကောင်းပါပြီဟုဆိုတာ အဲဒီထက်ပိုမခက်ပါဘူး"ဟု နိုဝင်ဘာလနှောင်းပိုင်းတွင် ဆွီဒင်ပါလီမန်အမတ် Magnus Jacobs-son က တွစ်တာတွင် ရေးသားထားသည်။

သို့သော်လည်း လက်နက်တင်ပို့မှုဆိုင်ရာ ဆွီဒင်အစိုးရ၏ လမ်းညွှန်ချက်များအရ မူအားဖြင့် လက်နက်များကို အခြားနိုင်ငံတစ်ခုနှင့် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်နိုင်ငံသို့ ပေးပို့ခြင်းမပြုသင့်ကြောင်း ဖော်ပြထားသည်။ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးမူဝါဒဆိုင်ရာ အကြောင်းပြချက်များရှိလျှင် လက်နက်တင်ပို့ခွင့်ကို ခွင့်ပြုနိုင်ကြောင်း၊ ၎င်းလုပ်ရပ်မှုသည် ဆွီဒင်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်မည်မဟုတ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ယူကရိန်းသို့ Gripen ဂျက်တိုက်လေယာဉ်များပေးပို့သွားနိုင်ရေးမှာ လက်တလောဖြစ်နိုင်ခြေမရှိသေးကြောင်း ဆွီဒင်နိုင်ငံမှအချက်ပြခဲ့သော်လည်း နိုဝင်ဘာလလယ်တွင် ဆွီဒင်အစိုးရက ကိယက်ဗ်အတွက် SEK 3 ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၂၉၀)တန်ဖိုးရှိ ယနေ့ထိအကြီးမားဆုံးအကူအညီပေးရေး အစီအစဉ်ကို ကြေညာခဲ့သည်။ ၎င်းတွင် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ အပေါ့စားမြေပြင်သုံးယာဉ်များ၊ ဆောင်းတွင်းသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးကိရိယာများနှင့် အခြားပံ့ပိုးကူညီမှုနည်းလမ်းများပါဝင်သည်။

ဖေဖော်ဝါရီနှောင်းပိုင်းတွင် ရုရှားက ယူကရိန်းတွင် ၎င်း၏ အထူးစစ်ဆင်ရေးကို စတင်ခဲ့ပြီးနောက် ဆွီဒင်သည် ၎င်း၏ Nordic အိမ်နီးချင်း ဖင်လန်နိုင်ငံနှင့်အတူ NATO အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ဆယ်စုနှစ်များစွာကြာ ကြားနေရေးမူဝါဒကို ချိုးဖောက်ခဲ့သည်။

**Sweden won't send fighter jets to Ukraine – defenseminister ကို ဘာသာပြန်ဆိုထားပါသည်။**

## စွမ်းအားပြင်းလက်နက်များထုတ်လုပ်မှု အရှိန်မြှင့်လုပ်ဆောင်နေကြောင်း ရုရှားသမ္မတဟောင်းမက်ဗီဒက် ပြောကြား

ဥရောပ၊ အမေရိကန်နှင့် သြစတြေးလျရှိ ရန်သူများ၏ ခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် စွမ်းအားပြင်းလက်နက်များထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ဒီဇင်ဘာ ၁၁ ရက်တွင် ရုရှားသမ္မတဟောင်း ဒီမီထရီမက်ဗီဒက်က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် အခြေခံမူအသစ်များ ချမှတ်ခြင်းအပါအဝင် အစွမ်းထက်ဆုံးဖျက်ဆီးရေးနည်းလမ်းများကို တိုးမြှင့်ထုတ်လုပ်လျက်ရှိသည်ဟု Medvedev က Telegram တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အသုံးထက်မြက်သည့် လက်နက်များအပါအဝင် လက်နက်အမျိုးအစားသစ်များကို တီထွင်နေပြီဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ထပ်ခါတလဲလဲပြောဆိုခဲ့ဖူးသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဖေဖော်ဝါရီ ၂၄ ရက်က ယူကရိန်းသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပြီးကတည်းက အသက် ၅၇ နှစ်အရွယ်ရှိ ရုရှားသမ္မတဟောင်းမက်ဗီဒက်သည် ဆိုရှယ်မီဒီယာတွင် မူဝါဒရေးရာစိန်ခေါ်မှုများနှင့်အတူ ထိပ်တန်းအရေးကြီးပုဂ္ဂိုလ်များထံမှ ပို့စ်များရေး၍ ပုံမှန်လုပ်ဆောင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

အနောက်နိုင်ငံလိုလားသော ယူကရိန်းစစ်ဆင်ရေးတွင် ရုရှားက နောက်ပြန်ဆုတ်နေသဖြင့် ရုရှားသည်စစ်ရေးအရအောင်မြင်မှုရရှိရန် ၎င်း၏ နျူကလီးယားလက်နက်တိုက်ကို အားကိုးအားထားပြုလာနိုင်မည့်အပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့သည်ဟု အနောက်အုပ်စုမီဒီယာများက အစဉ်တစိုက်ရေးသားလာခဲ့ကြသည်။

ဒီဇင်ဘာ ၉ ရက်က ရုရှားသည်၎င်း၏ စစ်ဆင်ရေးမူဝါဒကို ပြင်ဆင်နိုင်သည်ဟု ရုရှားသမ္မတပူတင်က နျူကလီးယားတိုက်ခိုက်လာနိုင်မှုကိုရည်ညွှန်းကာ ရန်သူကို လက်နက်ဖြုတ်သိမ်းရန် ကြိုတင်ထိုးနှက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်လာနိုင်ခြေကို ပြောဆိုခဲ့သည်။ ရုရှားနိုင်ငံ၏ခရုဇ်ဒုံးကျည်များနှင့် လက်နက်စနစ်များသည် အမေရိကန်နိုင်ငံထက် ပိုမိုခေတ်မီပြီး ပိုမိုထိရောက်သည်ဟု ကရင်မလင်နန်းတော်က အခိုင်အမာပြောကြားထားပြီးဖြစ်သည်။

**Russia Ramping Up Production of 'Most Powerful' Weapons: Medvedev ကို ဘာသာပြန်ဆိုထားပါသည်။**



## ဘောလ်တစ်ဒေသနိုင်ငံများက ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ သုံးရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုမည်



ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးကြောင့် လုံခြုံရေးစိုးရိမ်မှုများရှိနေသည့်ကြား ဘောလ်တစ်ဒေသနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းအသားတင်ထုတ်ကုန် (GDP)၏ သုံးရာခိုင်နှုန်းထိတိုးမြှင့်အသုံးပြုရန် ဒီဇင်ဘာ ၉ ရက်တွင် လက်တင်ဗီယာဝန်ကြီးချုပ် Krisjanis Karins က ကတိပြုခဲ့သည်။

ဘောလ်တစ်ဒေသ နိုင်ငံသုံးနိုင်ငံစလုံးသည် ၂၀၀၄ ခုနှစ်ကတည်းက NATO အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အနောက်နိုင်ငံကာကွယ်ရေးမဟာမိတ်အဖွဲ့၏ အရှေ့ဘက်ခြမ်းရှိ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

GDP ၏ သုံးရာခိုင်နှုန်းထိကာကွယ်ရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သွားမည်ဟု လက်တင်ဗီယာဝန်ကြီးချုပ် Kris-janis Karins က Riga ရှိ ၎င်း၏ လစ်သူရေးနီးယားနိုင်ငံနှင့် အက်စ်တိုးနီးယားနိုင်ငံ မိတ်ဖက်များနှင့်တွေ့ဆုံပြီးနောက် သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆိုဗီယက်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်များစွာကြာ ဖြတ်သန်းခဲ့ရပြီးနောက် ရုရှားနိုင်ငံအပေါ် သတိထားကာ ဘောလ်တစ်နိုင်ငံများသည် ယူကရိန်းတွင် အနိုင်ရမည်ဆိုပါက ရုရှား၏အစီအစဉ်တွင် နောက်ဆက်တွဲဖြစ်လာလိမ့်မည်ကို စိုးရိမ်နေကြခြင်းလည်းဖြစ်သည်။

အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူရေးနီးယားနိုင်ငံတို့သည် လက်ရှိကာကွယ်ရေးတွင် GDP ၏ ၂ ဒသမ ၃၄ ရာခိုင်နှုန်း၊ ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၃၆ ရာခိုင်နှုန်းထိ အသီးသီးကာကွယ်ရေးတွင်သုံးစွဲနေကြကြောင်း NATO အဖွဲ့ခန့်မှန်းချက်များအရ သိရသည်။

နိုင်ငံသုံးနိုင်ငံတွင် ၎င်းတို့၏ ရည်မှန်းထားသည့်ရာခိုင်နှုန်းကို ပြည့်မီစွာဆောင်ရွက်နိုင်ရန် မတူညီသောအချိန်ဇယားရေးဆွဲထားမှုရှိကြသည်။

အက်စ်တိုးနီးယားဝန်ကြီးချုပ် Kaja Kallas က ၎င်း၏နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်မှာGDP ၏ သုံးရာခိုင်နှုန်းကျော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ ဝယ်ယူမှုများကဲ့သို့ပင် ကျွန်ုပ်တို့၏လမ်းကြောင်းကို ပုံဖော်ထားပြီးဖြစ်သည်ဟု Kaja Kallas က ဆိုသည်။

ဘတ်ဂျက်စည်းမျဉ်းများက ကာကွယ်ရေးအသုံးစရိတ်ကို ချေးယူရန်ခွင့်ပြုထားသောကြောင့် လစ်သူရေးနီးယားနိုင်ငံသည် လာမည့်နှစ်တွင် ၎င်းကို ဘတ်ဂျက်စည်းမျဉ်းများအတိုင်း လုပ်ဆောင်နိုင်သော်လည်း လတ်ဗီးယားနိုင်ငံက သုံးရာခိုင်နှုန်းထိတိုးရန် မည်သည့်အချိန်အတွင်းသတ်မှတ်ထားလုပ်ဆောင်မည့်ပုံစံမျိုးပြောကြားထားခြင်းမရှိပေ။

**Baltics to Up Defense Spending to Three Percent of GDP ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# ခရိုအေးရှားအသင်းကို ဂိုးပြတ်အနိုင်ယူ၍ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်သို့ အာဂျင်တီးနားအသင်း တက်ရောက်



**ဗျူနိုစ်အေရိစ် ဒီဇင်ဘာ ၁၄**

ကမ္ဘာ့ဖလားပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ခရိုအေးရှားအသင်းတို့ကစားခဲ့သည့်ပွဲစဉ်၌ အာဂျင်တီးနားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်ဟု Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မက်ဆီ၏ ခြေစွမ်းပြသနိုင်မှုများကြောင့် ခရိုအေးရှားအသင်းအနေဖြင့် ခံစစ်ပိုင်းကိုသာအားပြုကစားခဲ့ရပြီး ပွဲချိန် ၃၄ မိနစ်တွင်ရရှိသည့် ပင်နယ်တီကို မက်ဆီက ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောကြောင့် ခရိုအေးရှားအသင်းချေပဂိုးရရှိရန် ပြန်လည်ဖိအားပေးခဲ့ရာ အာဂျင်တီးနားအသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိ၍ ပွဲချိန် ၃၉ မိနစ်တွင် အယ်ဗာရက်ဇ်က ဒုတိယသွင်းဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပြီးဆုံးချိန်၌ နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ခရိုအေးရှားအသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း အာဂျင်တီးနားအသင်း၏ ထိန်းချုပ်မှုကိုခံခဲ့ရပြီး ပွဲချိန် ၆၉ မိနစ်၌ မက်ဆီ၏ဖန်တီးပေးမှုမှ အယ်ဗာရက်ဇ်က တတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ဗိုလ်လုပွဲသို့ ခြောက်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်ကို ပြင်သစ်အသင်းနှင့်မော်ရိုကိုအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ဒီဇင်ဘာ ၁၈ ရက်တွင် ဒိုဟာမြို့ လူဆေးလ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ကြံ့ခိုင်မှုမပြည့်ဝသည့်အတွက် မန်ယူအသင်းနှင့် ဆန်ချို ပူးပေါင်းနိုင်မည်မဟုတ်ဟု တန်ဟတ်ဆို

**မန်ချက်စတာ ဒီဇင်ဘာ ၁၄**

မန်ယူအသင်းကွင်းလယ်ကစားသမား ဆန်ချိုသည် အောက်တိုဘာ ၂၂ ရက်က အဖျားရောဂါခံစားခဲ့ရပြီးနောက်ပိုင်း ကြံ့ခိုင်မှုအားနည်းချက်ကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်ခဲ့ကာ လက်ရှိတွင်လည်း အသင်းနှင့်ပူးပေါင်းနိုင်မည်မဟုတ်သေးကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဆန်ချိုသည် အဖျားရောဂါ ခံစားခဲ့ရပြီးနောက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကြောင့် မန်ယူအသင်းနှင့် ပူးပေါင်းခွင့်မရရှိခဲ့ဘဲ တစ်ဦးတည်းသာ လေ့ကျင့်မှုပြုလုပ်နေရပြီး ယခုလ ပထမရက်သတ္တပတ်က စပိန်နိုင်ငံတွင်ကစားခဲ့သည့် ခြေစမ်းပွဲစဉ်များတွင်လည်း အသင်းကစားသမားစာရင်း၌ ချန်လှပ်ခံခဲ့ရသည်။

နည်းပြတန်ဟတ်က "ဖြစ်နိုင်ရင် ဆန်ချိုကို အမြန်ဆုံးအသင်းနဲ့ ပူးပေါင်းစေချင်ပါတယ်။ လက်ရှိသူ့ရဲ့အခြေအနေကထိပ်တန်းအဆင့် ခြေစွမ်းတွေပျောက်ဆုံးပြီး ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေရှိနေပါတယ်။ တစ်ခါတစ်ရံမှာ ကစားသမား တစ်ယောက်အနေနဲ့ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ အသင်းနဲ့ဘယ်အချိန်မှာ ပြန်ပြီး ပူးပေါင်းနိုင်မလဲဆိုတာ အတိအကျပြောလို့မရပါဘူး" ဟု ပြောကြားခဲ့သည်။

ဆန်ချိုသည် ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ၂၀၂၁ ခုနှစ်က ပြောင်းရွှေ့ခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၅၂ ပွဲပါဝင်ခဲ့ရာ ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ရွေးချယ်ခံရသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၆ ပွဲ ပါဝင်ခွင့်ရခဲ့ရာ ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသဖြင့် ကမ္ဘာ့ဖလားယှဉ်ပြိုင်ခဲ့သည့် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။ ML



# အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ဖက်ဒရေးရှင်းဥက္ကဋ္ဌအဖြစ် ကိတ်ပယ်လေ ရွေးကောက်တင်မြှောက်ခံရ

**ဂျိနီဗာ ဒီဇင်ဘာ ၁၄**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ဖက်ဒရေးရှင်း(IGF)က အဖွဲ့ဥက္ကဋ္ဌနေရာအတွက် ကနေဒါနိုင်ငံသား ကိတ်ပယ်လေကို ရွေးကောက်တင်မြှောက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The Scotsman သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိတ်ပယ်လေက အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ဖက်ဒရေးရှင်း (IGF)ဥက္ကဋ္ဌ ဂျေးမိုနာဟန်နေရာတွင် အစားထိုးတာဝန်ယူသွားမည်ဖြစ်ပြီး တာဝန်များကိုလည်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ တရားဝင် လွှဲပြောင်းလက်ခံသွားမည်ဟု အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ဖက်ဒရေးရှင်း(IGF)ကကြေညာခဲ့သည်။

ကိတ်ပယ်လေက "အရေးကြီးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခွင့်ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်ဖို့ ရွေးကောက်တင်မြှောက်ပေးခဲ့ကြတဲ့သူတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ အန်နီကာဆိုရင်စတမ်၊ အန်တိုနီစကင်လွန်တို့နဲ့လက်တွဲပြီး တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ။ ဂေါက်သီးရိုက်အားကစားတိုးတက်လာစေဖို့ ဖက်ဒရေးရှင်းနဲ့ Tour အဖွဲ့တစ်ခုချင်းစီက တာဝန်ရှိသူတွေနဲ့လဲ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ်"ဟု ပြောကြားခဲ့သည်။

ကိတ်ပယ်လေသည် အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ဖက်ဒရေးရှင်း ဥက္ကဋ္ဌတာဝန်ကို ဆွီဒင်နိုင်ငံသူ အန်နီကာဆိုရင်စတမ်နှင့် ပူးတွဲတာဝန်ယူသွားမည်ဖြစ်ပြီး အန်နီကာဆိုရင်စတမ်သည် ယခင်ကလည်း ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ဖက်ဒရေးရှင်း အမှုဆောင်ဒါရိုက်တာ အမေရိကန်နိုင်ငံသား အန်တိုနီစကင်လွန်က ရွေးကောက်ခံခဲ့ရပြီးနောက် ကိတ်ပယ်လေသည် အန်နီကာဆိုရင်စတမ်၊ အန်တိုနီစကင်လွန်တို့နှင့် လက်တွဲကာ အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ဖက်ဒရေးရှင်း(IGF)ကို ဦးဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

ကိတ်ပယ်လေသည် European Tour group အမှုဆောင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး ဂေါက်သီးရိုက်အဖွဲ့ချုပ်များတွင် အရှိန်အဝါရှိသူတစ်ဦးဖြစ်ကြောင်း သိရသည်။ AZL

## အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ပိုင်းဖြည့်တင်းရန်ကြိုးပမ်းနေသည့် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့က ချဲလ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ပူလီဆစ်ကို လာမည့်အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဟာဇက်က အမေရိကန်မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားရန်စိတ်ဝင်စားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။
- ကာတာအာဏာပိုင်များ၏ ခွင့်ပြုချက်မရရှိခဲ့သည့်အတွက် မော်ရိုကိုနိုင်ငံမှ ကာတာနိုင်ငံသို့ ဘောလုံးပရိသတ်များကို ပို့ဆောင်ပေးမည့်အစီအစဉ်အား ဖျက်သိမ်းလိုက်ရသည်ဟု မော်ရိုကိုအမျိုးသားလေကြောင်းလိုင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ ML

# နာအိုယာက ပေါလ်ဘတ္တလာကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးဘင်တန်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာ

**တိုကျို ဒီဇင်ဘာ ၁၄**

WBA(Super)၊ WBC၊ IBF ဘင်တန်ဝိတ်တန်းချန်ပီယံ နာအိုယာနှင့် WBO ဘင်တန်ဝိတ်တန်းချန်ပီယံ ပေါလ်ဘတ္တလာတို့ ဘင်တန်ဝိတ်တန်းလောကပြိုင်ဘက်ကင်းချန်ပီယံလုပွဲအဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာ ၁၃ ရက်က ထိုးသတ်ခဲ့ရာ နာအိုယာက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ဘင်တန်ဝိတ်တန်းလောက၏ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရရှိခဲ့ကြောင်း JP Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် အင်္ဂလန်လက်ဝှေ့သမား ပေါလ်ဘတ္တလာကို ၁၁ ချီမြောက်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၅၀ အတွင်း ဘင်တန်ဝိတ်တန်းလောက၏ ပထမဆုံးပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာခဲ့ပြီး ဂျပန်လက်ဝှေ့လောကဂုဏ်ကိုဆောင်နိုင်ခဲ့သည်။

နာအိုယာက "ဒီဇင်ဘာ ၁၃ ရက်က ကျွန်တော့်ဘဝရဲ့ရည်မှန်းချက်ပြည့်မြောက်ခဲ့တဲ့နေ့ပါ။ ဘင်တန်ဝိတ်တန်းဆိုတာ လွယ်ကူတဲ့ဝိတ်တန်းတစ်ခုမဟုတ်ပါဘူး။ ခါးပတ်လေးခုလုံးကိုရရှိဖို့ဆိုတာ ပိုပြီးတော့မလွယ်ကူပါဘူး။ မလွယ်ကူတဲ့ ကိစ္စတစ်ခုကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ စိန်ခေါ်ပွဲ တစ်ပွဲချင်းစီတိုင်းကို အရေးကြီးဆုံးပွဲစဉ်လို့သတ်မှတ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ် လေးခုစလုံးကိုပေါင်းစည်းပေးနိုင်ခဲ့ပြီ။ ဘင်တန်ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံတစ်ယောက်ဖြစ်ခွင့်ရခဲ့လို့ စူပါဘင်တန်ဝိတ်တန်းကို ရွှေ့ပြောင်းဖို့ ပြင်ဆင်သွားပါမယ်"ဟု ပြောကြားခဲ့သည်။

နာအိုယာသည် လက်ဝှေ့လောကတွင် ၂၀၁၄ ခုနှစ်နောက်ပိုင်း စတုတ္ထမြောက်ပြိုင်ဘက်ကင်းချန်ပီယံဆုရ လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရရှိခဲ့သည့် ပထမဆုံးဂျပန် လက်ဝှေ့သမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

နာအိုယာသည် ပေါလ်ဘတ္တလာကို အနိုင်ရရှိခဲ့ပြီးနောက် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၂၄ ပွဲ ထိုးသတ်ခဲ့ပြီး ဒိုင်ပွဲရပ်ဖြင့်အနိုင်ရခဲ့သည့် စိန်ခေါ်ပွဲ ၂၁ ပွဲ ပြည့်မြောက်ခဲ့သည့် လက်ဝှေ့သမားအဖြစ်လည်းမှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ AZL



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်ဌာနခွဲများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသားပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ဒီဇင်ဘာ ၁၅ ရက်နံနက် ၉ နာရီမှစတင်ပြီး အမျိုးသမီးပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊အမျိုးသားပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘာစီလိုနာအသင်းက ဂိုးသမား အီနာကီကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်း

**ဘာစီလိုနာ ဒီဇင်ဘာ ၁၄**

ဘာစီလိုနာအသင်းက အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသည့် ဒုတိယဦးစားပေးဂိုးသမား အီနာကီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့ပြီး ခရစ္စမတ်ကာလမတိုင်မီ သဘောတူညီမှုရရှိရန် ကြိုးပမ်းနေကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အီနာကီသည် ၂၀၂၃ ခုနှစ် ဇွန်လတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ပရီးမီးယားလိဂ် ကလပ်အသင်းများနှင့် ဂလာတာစာရေးအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေမှုကြောင့် ဘာစီလိုနာအသင်းက အီနာကီကို ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့ပြီး ကစားသမားနှင့် သဘောတူညီမှု ရရှိထားသဖြင့် လာမည့် ခရစ္စမတ်ကာလမတိုင်မီ လက်မှတ်ရေးထိုးရန်စီစဉ်နေသည်။

အသက် ၂၃ နှစ်ရှိ အီနာကီသည် ယခုနှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းတွင် ဂိုးသမား တာစတီဂန်၏နောက်တွင် ဒုတိယဂိုးသမားအဖြစ်သာ ပါဝင်နေရပြီး ပလာဇန်အသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သော်လည်း ၎င်းက ဘာစီလိုနာအသင်း၌ ဆက်လက်ကစားရန် ဆုံးဖြတ်ထားပြီး ပွဲကစားခွင့်မရရှိပါက အခြားကလပ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားရန် ဆန္ဒရှိနေသည်။

အီနာကီသည် ဘာစီလိုနာ ယူ-၁၉ အသင်း ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် အသင်းကြီးတွင်ပါဝင်ခွင့်မရခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဂလာတာစာရေးအသင်းသို့ အငှားစာချုပ်ဖြင့်ကစားခဲ့ချိန်၌ လက်စွမ်းပြသနိုင်ခဲ့သဖြင့် ယခုနှစ်တွင် အသင်းကြီး၌ ဒုတိယဦးစားပေးဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ ML

# ATP Tour Fans Favourite Award ဆုကို ရာဖေးလ်နာဒယ်ရရှိ

**လန်ဒန် ဒီဇင်ဘာ ၁၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် ATP Tour အဖွဲ့ချုပ်က ချီးမြှင့်သည့် ၂၀၂၂ တင်းနစ်ရာသီအတွက် ATP Tour Fans Favourite Award ဆုကို စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကရရှိခဲ့ကြောင်း ATP Tour က ထုတ်ပြန်ကြေညာခဲ့သည်ဟု DM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဆုကို ရာဖေးလ်နာဒယ်က ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်ပြီး ATP Tour Fans Favourite Award ဆုကို ဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာက ၁၉ နှစ်ဆက်ရရှိခဲ့ခြင်းဖြစ်ကာ ရော်ဂျာဖက်ဒဲရာ တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက်ပိုင်း ရာဖေးလ်နာဒယ်က ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ယခုနှစ် တင်းနစ်ရာသီတွင် နိုင်ပွဲ ၃၉ ထိရရှိခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက်နိုင်ပွဲအများဆုံးရရှိခဲ့သည့် တင်းနစ်ရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတို့၌ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဂရန်းစလန်းချန်ပီယံဆုဖလား ၂၂ လုံးထိ ဆွတ်ခူးနိုင်ခဲ့ကာ တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလားအများဆုံးဆွတ်ခူးထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ATP Tour Fans Favourite Award ဆုကို အကြိမ်ရေအများဆုံးရရှိထားသည့် ရော်ဂျာဖက်ဒဲရာသည် စက်တင်ဘာလက တင်းနစ်လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပရိသတ်များက ရာဖေးလ်နာဒယ်ကို မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL



# ကမ္ဘောဒီးယားနိုင်ငံခြင်းလုံးအားကစားအဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ပြီး နှစ်နိုင်ငံပူးတွဲစခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ ခြင်းလုံးအားကစားအဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ပြီး နှစ်နိုင်ငံပူးတွဲစခန်းသွင်း လေ့ကျင့်မှုများပြုလုပ်လျက်ရှိနေကြောင်း သိရသည်။



လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကမ္ဘောဒီးယားခြင်းလုံးအားကစားအဖွဲ့သည် မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့နှင့် နှစ်နိုင်ငံပူးတွဲစခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ရန် ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီးနောက် ရန်ကုန်မြို့မှတစ်ဆင့် ယနေ့တွင် နေပြည်တော်သို့ရောက်ရှိကာ နှစ်နိုင်ငံပူးတွဲစခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

ကမ္ဘောဒီးယားခြင်းလုံးအားကစားအဖွဲ့နှင့် မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့တို့သည် ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းစားပွဲတင်တင်းနစ် အားကစားရုံတွင် မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့မှ ကစားသမားများနှင့် ပူးတွဲစခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိနေသည်ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံတွင်လာရောက်ပြီး နှစ်နိုင်ငံပူးတွဲစခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိနေသည့် ကမ္ဘောဒီးယားခြင်းလုံးအားကစားအဖွဲ့၌ နည်းပြအဖွဲ့ဝင်ခြောက်ဦး၊ အမျိုးသားကစားသမား ၁၈ ဦး၊ အမျိုးသမီးကစားသမား ၁၂ ဦး စုစုပေါင်း ၃၆ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။ STA

# ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် အသက် ၃၇ နှစ်နှင့်အထက် ကစားသမားများတွင် စတုတ္ထမြောက်ပွဲထွက်ခွင့်အများဆုံးကစားသမားအဖြစ် မိုဒရစ် ရပ်တည်

**ဇော်ဂ်ရက် ဒီဇင်ဘာ ၁၄**

ခရိုအေးရှားအသင်းဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်သည် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်တွင် ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် စတုတ္ထမြောက်ပွဲထွက်ခွင့် အများဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း Bleacher Reports Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ မိုဒရစ်သည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် အသင်းကို ဦးဆောင်နိုင်ခဲ့ပြီး အုပ်စုပွဲစဉ်များမှစတင်ပြီး ဆီမီးဖိုင်နယ်အဆင့်ထိ ခြောက်ပွဲစလုံးပွဲထွက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက် ၃၇ နှစ်နှင့်အထက် ကစားသမားများတွင် ပြိုင်ပွဲတစ်ခုတည်း၌ ခြောက်ပွဲကစားပြီး ပွဲထွက်အများဆုံးကစားသမားအဖြစ် ၁၉၆၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းမှနေတန်ဆန်းတို့စ်၊၁၉၈၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီအသင်းမှ ဒီနိုဇော့၊ ၁၉၉၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းမှ ပီတာရှယ်တန်တို့ပြီးနောက် မိုဒရစ်က စတုတ္ထမြောက်ကစားသမားအဖြစ် ရပ်တည်ခဲ့သည်။

မိုဒရစ်သည် ခရိုအေးရှားအသင်းနှင့် ၂၀၀၆ခုနှစ်ကစတင်ပြီး ပါဝင်ကစားခဲ့ကာ နိုင်ငံတကာပြိုင်ပွဲစုံ စုစုပေါင်း ၁၆၁ ပွဲထိပါဝင်ကစားခဲ့ကာ ၂၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်း၏ ပွဲအများဆုံးကစားထားသည့် ကစားသမားအဖြစ်လည်း ရပ်တည်နေကြောင်း သိရသည်။ STA

# တရုတ်-ဆော်ဒီအာရေဗျ ဆက်ဆံရေးအလားအလာ

မောင်သောင်းဝင်း(တမန်ဟောင်း)



တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဒီဇင်ဘာ ၇ ရက်တွင် ဆော်ဒီအာရေဗျသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ယူကရိန်းအရေးကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးနှုန်းမြင့်တက်နေသည့်အချိန်တွင် ကမ္ဘာ့ရေနံတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံသို့ ကမ္ဘာ့စွမ်းအင်တင်သွင်းမှု အများဆုံးနိုင်ငံမှ သမ္မတတစ်ဦးသွားရောက်မှုအပေါ် သတင်းမီဒီယာများတွင် အသားပေးဖော်ပြခဲ့ကြသည်။ သမ္မတရှီကျင့်ဖျင်၏ခရီးစဉ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော စာချုပ် ၃၄ ခု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါသဘောတူစာချုပ်များတွင် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး၊ အစိမ်းရောင်စွမ်းအင်တွင် နည်းပညာလွှဲပြောင်းပေးရေး၊ သတင်းနည်းပညာ၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတို့ပါဝင်သည်။ တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျတွင် Huawei ၏ 5G စနစ်ထူထောင်ရေး၊ လျှပ်စစ်ကားစက်ရုံတည်ဆောက်ရေးနှင့် ဟိုက်ဒရိုဂျင်ဘက်ထရီစနစ်ပံ့ပိုးပေးရေး စသည့်သဘောတူညီချက်များပါရှိသည်။

ဆော်ဒီဘုရင် ဆယ်လ်မန်နှင့် သမ္မတရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ရေးအတွက် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ ဆော်ဒီနှင့် အမေရိကန်တို့ကြား ဆက်ဆံရေးတင်းမာနေသည့်အချိန်တွင် သမ္မတရှီကျင့်ဖျင်၏ ခရီးစဉ်ထွက်ပေါ်လာခြင်းသည် နိုင်ငံတကာအခင်းအကျင်းပြောင်းလဲမှုဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။ အမေရိကန်က ရေနံတိုးမြှင့်ထုတ်လုပ်ရေးအပေါ် ဆော်ဒီအာရေဗျက လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပယ်ချခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ခရီးစဉ်ကို ဇူလိုင်လအတွင်းက ဆော်ဒီအာရေဗျသို့လာရောက်ခဲ့သည့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ ခရီးစဉ်အပြင် ၂၀၁၇ ခုနှစ် အတွင်းက လာရောက်လည်ပတ်ခဲ့သည့် သမ္မတဒေါ်နယ်ထရန့်တို့၏ခရီးစဉ်များနှင့် နှိုင်းယှဉ်ဖော်ပြခဲ့ကြသည်။ အမေရိကန်သမ္မတနှစ်ဦး၏ ခရီးစဉ်များတွင် အိမ်ရှေ့စံ မိုဟာမက်ဘင်ဆယ်လ်မန်သာ လက်ခံတွေ့ဆုံခဲ့သော်လည်း သမ္မတရှီကျင့်ဖျင်ကိုမူ ဆော်ဒီဘုရင်ဆယ်လ်မန်ကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့သည်။

ယခင်က တရုတ်နှင့် ဆော်ဒီတို့၏ ဆက်ဆံရေးသည် အေးစက်နေခဲ့သော်လည်း လက်ရှိအချိန်တွင် စီးပွားရေးအရ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာလျက်ရှိသည်။ ၂၀၂၁ ခုနှစ်အတွင်း ဆော်ဒီ၏ ရေနံတင်ပို့မှုအားလုံး၏ ၁၈ ရာခိုင်နှုန်းနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံဖိုးခန့်ရှိ ရေနံများကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့သည်။ နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ၂၀၂၁ ခုနှစ်အတွင်း၌ပင်လျှင် အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၃ ဘီလီယံရှိခဲ့သောကြောင့် ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ၎င်း၏ခရီးစဉ်သည် ဆော်ဒီနှင့် ပင်လယ်ကွေ့နိုင်ငံများအပါအဝင် အာရပ်ကမ္ဘာနှင့် တရုတ်နိုင်ငံ၏ဆက်ဆံရေးကို ခေတ်သစ်တစ်ရပ်ဖွင့်လှစ်ရန်လာရောက်သော ကနဦးခရီးစဉ်ဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်နှင့် ဆော်ဒီအာရေဗျတို့အနေဖြင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံ ဝင်ရောက်စွက်ဖက်သွားမည်မဟုတ်ကြောင်း ဆော်ဒီသတင်းမီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် ဒီဇင်ဘာ ၁၀ ရက်တွင်ပြုလုပ်သည့် တရုတ်-အာရပ်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲအပြင် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီခေါင်းဆောင်များ၏ အစည်းအဝေး၌လည်း အမှာစကားပြောကြားခဲ့သည်။ ထိပ်သီးအစည်းအဝေးသည် တရုတ်-အာရပ်ဆက်ဆံရေး၏သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းတွင် များစွာအရေးပါလျက်ရှိသည်ဟု ၎င်းအနေဖြင့် ရှုမြင်ထားကြောင်း ရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသွားသည်။ စင်စစ်အားဖြင့် ဆော်ဒီအာရေဗျသည် G-20 တွင် တစ်ခုတည်းသော အာရပ်နိုင်ငံဖြစ်ပြီး ဒေသတွင်း၌ အကြီးမားဆုံးသော စီးပွားရေးဖြစ်သည့် အာရပ်အဖွဲ့ချုပ် GDP ၏ ၂၇ ရာခိုင်နှုန်းကျော်ရှိသည်။

တရုတ်နှင့် ဆော်ဒီတို့သည် ကာကွယ်ရေးအသုံးစရိတ် ဒုတိယအများဆုံးနှင့် တတိယအများဆုံးနိုင်ငံများဖြစ်ပြီး ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအလားအလာများရှိနေသည်။ သို့သော် အမေရိကန်သည် မကြာသေးမီအချိန်ထိ ဆော်ဒီအာရေဗျကို ကာကွယ်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများရှိနေသဖြင့် တရုတ်-ဆော်ဒီအာရေဗျ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် ထိုးနှက်မှုများရှိလာနိုင်ပေသည်။

ထို့ပြင် အမေရိကန်အနေဖြင့် အာရပ်ခေါင်းဆောင်များကို လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဆိုသော စွပ်စွဲပြောဆိုချက်များရှိလာသဖြင့် အာရပ်ခေါင်းဆောင်များသည် ရုရှား၊ တရုတ်တို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ အမေရိကန်အစိုးရအဆက်ဆက်သည် အရှေ့အလယ်ပိုင်းဒေသတွင် လုံခြုံရေးဆိုင်ရာမဟာဗျူဟာအစားထိုးပြောင်းလဲသွားရမည့်အစား ဖိအားပေးဆောင်ရွက်မှုများလုပ်ဆောင်လာသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည် တရုတ်နှင့် ရုရှားနိုင်ငံဘက်သို့ ယိမ်းယိုင်လာခဲ့သည်။ သာဓကအနေဖြင့် လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က UAE အနေဖြင့် တရုတ် Huawei နှင့် 5G စာချုပ်လက်မှတ်ရေးထိုးသွားမည်ဆိုလျှင် F-35 တိုက်လေယာဉ်များရောင်းချပေးမည့်အစီအစဉ်ကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသော်လည်း UAE သည် Huawei နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ လက်ရှိအချိန်တွင် အမေရိကန်သည် Huawei ကို အချက်အလက်များခိုးယူပြီး သူလျှိုလုပ်နေသည်ဟု ပြောဆိုကာ အာရပ်နိုင်ငံများကို ခြိမ်းခြောက်လျက်ရှိသော်လည်း အာရပ်နိုင်ငံအများစုသည် 5G ကွန်ရက်ထူထောင်ရေးအတွက် Huawei နှင့် လက်မှတ်ရေးထိုးလျက်ရှိသည်။

တရုတ်နိုင်ငံသည် အာရပ်နိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာလွှဲပြောင်းမှုမှသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဆိုရလျှင် အမေရိကန်၏ မဟာဗျူဟာများသည် အာရပ်နိုင်ငံများနှင့် တရုတ်နိုင်ငံကို ပိုမိုနီးကပ်လာစေလျက်ရှိသည်။ တရုတ်နိုင်ငံသည် စွမ်းအင်တင်သွင်းမှုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်ကို ဆော်ဒီအာရေဗျမှ တင်သွင်းလျက်ရှိသည်။ ကမ္ဘာ့စွမ်းအင်တင်သွင်းမှုအများဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျမှ စွမ်းအင်တင်သွင်းမှုကို မှီခိုလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာလွှဲပြောင်းမှုများသည် ဆော်ဒီအာရေဗျ၏ ၂၀၃၀ ပြည့်နှစ်မျှော်မှန်းချက်အတွက် ဆက်လက်အရေးပါနေဆဲပင်ဖြစ်သည်။ အဆိုပါမျှော်မှန်းချက်တွင် စီးပွားရေးဆိုင်ရာမတူကွဲပြားမှုများ၊ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲခြင်းနှင့် အနာဂတ်ခေတ်မီမြို့တော် တည်ဆောက်ရေးတို့ပါဝင်သည်။ ဆော်ဒီအာရေဗျအနေဖြင့် ရေနံစိမ်းရောင်းချရေးအပြင် အခြားသောအခွင့်အလမ်းများကိုလည်း ရှာဖွေသွားရန်လိုအပ်သည်။ Aramco ကဲ့သို့သော ဆော်ဒီရေနံကုမ္ပဏီကြီးများသည် အာရှတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်သွားလိုသည့်အပြင် ဟိုက်ဒရိုဂျင်နှင့် အခြားသော ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးအတွက် တရုတ်နိုင်ငံနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်ရေး စူးစမ်းလေ့လာလျက်ရှိသည်။

ဆော်ဒီအာရေဗျအနေဖြင့် ပင်လယ်နီကမ်းခြေများရှိ အပန်းဖြေစခန်းများသို့ တရုတ်ခရီးသွားများ လာရောက်လည်ပတ်စေလိုသော ဆန္ဒရှိနေသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် ဆော်ဒီဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေသည်။ ဆော်ဒီအာရေဗျသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် တရုတ်နိုင်ငံမှ ချူကလီးယားကျည်ထိပ်ဖူးသယ်ဆောင်နိုင်စွမ်းရှိသည့် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များ လက်ခံရရှိခဲ့ဖူးသည်။ ထို့နောက် တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျကို ပြည်တွင်းထုတ်ဒုံးကျည်များ တည်ဆောက်နိုင်ရေးအတွက် နည်းပညာလွှဲပြောင်းပေးခဲ့သည်။ ဆော်ဒီနှင့်တရုတ်တို့သည် အမေရိကန်နှင့်ဆက်ဆံရေးအေးခဲလာသည့်အချိန်တွင် နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားဖွယ်ရာရှိနေသည်။

တရုတ်နှင့်ဆော်ဒီအာရေဗျတို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံရေး ကောင်းမွန်လာသည့်အချိန်တွင် ပေကျင်းသည် ရီယဒ်ချ်နှင့်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားရန် ဆန္ဒပြင်းပြလျက်ရှိသည်။ အာရပ်နိုင်ငံများသည် တရုတ်နိုင်ငံကို စီးပွားရေးဆိုင်ရာမိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အာရပ်နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ထိတွေ့ဆက်ဆံမှုသည် အမေရိကန်အတွက် သတိပေးတပ်လှန့်သံဖြစ်လာသော်လည်း အခြားသောကမ္ဘာ့နိုင်ငံများအတွက်မူ ကောင်းမွန်သော အတိတ်နိမိတ်ပင်ဖြစ်ပေသည်။

**ကိုးကား**

- **Xi's Saudi visit more spectacle than substance by Asia Times.**

# မြဝတီမြို့နယ်၌ အခြေခံလူသုံးကုန် ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်

**မြဝတီ ဒီဇင်ဘာ ၁၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံလူသုံးကုန် ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အပြင်မဲကနယ်ကျေးရွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက အခြေခံလူသုံးကုန် ဆပ်ပြာပြုလုပ်နည်းသင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချမည့်သင်ခန်းစာဘာသာရပ်များကို စနစ်တကျလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အပြင်မဲကနယ်ကျေးရွာနှင့် မဲကနယ်တိုးချဲ့ကွက်သစ်ကျေးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ရေချိုးဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ လက်ဆေးဆပ်ပြာနှင့် ဆပ်ပြာအမျိုးမျိုးပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြများက ဒီဇင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။



သူသူ

# SAC Chairman Prime Minister Senior General Min Aung Hlaing pays homage to ancient historic Kaunghmulon Pagoda, visits Rawang Cultural Museum in Machanbaw Township





Senior General Min Aung Hlaing pays homage to Kaunghmulon Pagoda.

**Nay Pyi Taw December 14**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, Commander of Northern Command Maj-Gen Ko Ko Maung and officials, this morning, paid homage to ancient historic Kaunghmulon Pagoda built on the bank of Namkyo (Malikha) River near Kaunghmulon Village of Machanbaw Township in Putao District in Kachin State.

The Senior General and party were welcomed by Deputy Commissioner of Putao District General Administration Department U Khaung Lan Tee, Chairman of the pagoda board of trustees U Thant Seng and members, and local ethnic people. Then, the Senior General and party offered flowers and water to the Buddha image in the pagoda.

After going round the pagoda clockwise, the Senior General instructed officials to ensure long term existence of the pagoda, arrange convenient paying of homage by travellers and carry out sanitation around the pagoda.

The Senior General signed the visitors' book and presented cash for all-round renovation of the pagoda to the chairman and members of the pagoda board of trustees who returned the certificate of honour.



Senior General Min Aung Hlaing receives certificate of honour, after making cash donation for the pagoda.

The pagoda enshrined with three pieces of sacred relic of the Lord Buddha was built in 244 Sasana Era in the reign of King Siri Dhammasoka. Kings in successive eras renovated the pagoda. So, the pagoda is dubbed as "Kaunghmulon in upper, Shwedagon in lower and Shwezigon in centre" by Myanmar Buddhists. Kaunghmulon Pagoda is very ancient, named "Kaungmuusaokankham" called Shwehsatmin Pagoda in Taikhamti Shan language. As it is largest and tallest with the most famous among other pagodas in Khamteelon area, the pagoda is named Saokaunghmulon, identified as the noblest pagoda, according to the records on all-round renovation of the pagoda.

At the Rawang Cultural Museum in the Rawang National Park in Duttan Ward of Putao, the Senior General and party were warmly welcomed by Chairman of Myanmar Rawang Literature and Culture Association U Rei Dan Tang and Rawng ethnic people with the Rawang music.

The Senior General and party viewed round the booths on stone weapos, utensils made of stone, wooden utensils, hats made of wood and rattan, traditional musical instruments, wickerwork, utensils made of rattan and bamboo strips, swords, spears, axes, bows and arrow weapons, bamboo utensils, traditional bags, traditional medicines, traditional weaved equipment, Rawang traditional jewellery, the map showing the ancestors, *See Page 13*



Senior General Min Aung Hlaing poses for photo with Rawang ethnic people.

# Protect region, country through united strength



Senior General Min Aung Hlaing meets Tatmadaw members and families of Putao Station.

**Nay Pyi Taw December 14** As troops are formed with nationalities, they should establish unity with the local people, and with the united strength all the battalions and units will be invulnerable. A region will become untouchable if the relevant security forces, departmental personnel, and local people stay united. Hence, strength must be built through unity, said Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at his meeting with officers, other ranks and families of Putao Station in Northern Command this morning.

Also present at the meeting together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and their wives, Northern Command Commander Maj-Gen Ko Ko Maung and officials.

**United strength must be built**

In his speech, the Senior General said year-round transport facilitation is being ensured in Putao region as it has constraints in transportation. Security forces and departmental personnel assigned in Putao area and local people should live in unity to ensure peace, stability and rule of law in it. As it is a local unit, native people are included in it.

Because of their motherly love, women already have the willingness to protect their families. With their willingness to protect their children and the unit, women gallantly strike back the armed groups that launch surprise attack on their battalion or units. A family will have the strength of unity by combining motherly spirit and fatherly spirit. This kind of spirit must be established in Putao region. They must stay in unity to build collective strength.

Because of the cold weather, crops that are suitable with the climate and that provide food must be prioritized. As the area is favourable for breeding activities, members assigned at the command headquarters must successfully set up manageable –scale farms. The success of manageable–scale farms will provide food as way.

**Personnel must always be disciplined, militarily conscientious and aware**

The military has issued instructions on general staff, adjutant and quartermaster affairs. Orders and instructions are issued for abidance of disciplines. It is necessary to follow military disciplines. Personnel have been allowed to spend their own private time properly and independently. Uniforms must be worn systematically while muftis must be put on tidily and neatly. Abidance of military disciplines and obedience of orders is a good practice for the life of individual personnel. **Carrying out daily activities in accordance with disciplines and codes of conduct correctly can nurture well-trained and competent personnel.**

Individual personnel are required to always practice the use of their own weapons and equipment skillfully. Only then, will personnel be able to use weapons properly and effectively at the battlefield. In carrying out duties, personnel are required to be conscientious. As surprise attacks are launched at the battlefield depending on time, weather and topography, personnel are required to carry out duties conscientiously in going to and fro, enjoying food and staying in a position.

**Emphasis must be placed on education**

Required qualifications for promotion of individual personnel within designated periods of time have been adopted. **As performance of responsibilities dutifully and abidance of disciplines contribute a lot to promotion of ranks of personnel, efforts must be made for progress of life and duties must be carried out in accordance with personnel's ranks.**

It is important to read books to acquire knowledge and wisdom. Libraries have been opened in battalions and units to enable personnel to read books. **As reading can contribute a lot to the progress of life, officers, other ranks and families are always required to read books.** As the Tatmadaw has been encouraging the educational development of offspring of personnel, individual personnel are required to do the same.

Moreover, as Putao is remote and the weather is very cold, personnel are required to take care of one's health. Personnel are urged to take physical exercises, which are good for health, and to avoid foodstuffs and fun activities that are not beneficial for life out of rationality. Then, the Senior General inquired about the needs for officers, other ranks and families.

**Foodstuffs and cash rewards are presented**

Then, the Senior General presented foodstuffs for officers, other ranks and families to the commander of the station command while the wife of the Senior General presented cash rewards for the station maternal and child welfare association to the wife of the station commander.

Afterwards, the Senior General and party cordially greeted the officers, other ranks and families who attended the meeting. 100

---

*From Page 12*

and State leaders and Kachin state cultural leaders. U Rei Dan Tang and officials conducted the Senior General and party round the booths.

In his response to the explanations, the Senior General said he took pride in preserving culture and history of Rawang ethnic people. As ancient handiwork utensils are invaluable historical records, it is necessary to systematically preserve them and show them in tidiness. The Senior General stressed the need to maintenance of the objects not to be damaged in natural disasters and pests.

The Senior General signed the visitors' book of the museum and posed for documentary photos in front of the Reindan called Manaw post together with Rawang ethnic people.

100

Senior General Min Aung Hlaing visits Rawang Cultural Museum.



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets departmental officials and townspeople in Putao Township


Senior General Min Aung Hlaing meets departmental officials and townspeople in Putao Township.

**Nay Pyi Taw December 14**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage members, the Kachin State chief minister, the Northern Command commander and officials, met with departmental officials and townspeople in Putao Township, Kachin State, and discussed regional development affairs.

**Strive for regional development by employing the region's significant characteristics**

In discussing regional development tasks, the Senior General said as Putao is a far-away region, the State will focus on its smooth transport. All possible ways will be sought for regional development. For the local people also, they need to try their best for their regional progress. Putao is a region with significant characteristics. It has cool weather and natural beauties. So, progress can be achieved by making Putao region a tourist destination. The region has a lot of gravel fences that attract travellers. **It can be made a landmark by making those gravel fences neat and tidy in respective streets and wards as a significant scene to attract foreign visitors.** Likewise, beautifying tasks must be carried out to ensure a beautiful environment while flower plants need to be grown.

**Encourage and ensure systematic agricultural and livestock businesses**

It is necessary to ensure per-acre high yields for regional rice sufficiency. High-yield paddy strains with eating quality must be grown. Moreover, regionally suitable fruits and vegetables should be grown for food sufficiency. Meanwhile, systematic livestock breeding businesses must be run. Animal food can be acquired from growing crops in the region. Waste from livestock breeding can be turned into bio-fertilizers for agricultural purposes. Fish, meat and vegetables produced from those businesses can be processed into value-added goods for other regions and exports. All that will contribute towards regional economy.

Putao region has a high yield of quality fruits such as grapefruit. Systematic techniques and research are necessary to mass-produce such quality fruits. The regional can also grow tea and coffee. Greater efforts must be made to achieve greater success in agriculture to attract local and foreign visitors. Then, the region will develop for sure.

**High education standard will facilitate regional progress**

High education standard is a guarantee for regional and national development. Putao region has a fine tradition turning out educated people and it needs to maintain the status. All are therefore to cooperate in promoting the education of school-age children in the region. Education provided by education staff can contribute much towards the future of children. So, it is important to encourage and take care of education staff. It is necessary to choose a correct way to ensure that children live comfortably without worries throughout their lives. Only then, can individuals improve their education levels and the regional education standard will improve. It can contribute a lot to regional development.

Later, the Senior General cordially greeted the departmental officials and townspeople. 100

# Breakthrough in nuclear fusion energy announced

**Washington December 14**

A major breakthrough has been announced by US scientists in the race to recreate nuclear fusion.

Physicists have pursued the technology for decades as it promises a potential source of near-limitless clean energy.

On Tuesday researchers confirmed they have overcome a major barrier - producing more energy from a fusion experiment than was put in.

But experts say there is still some way to go before fusion powers homes.

The experiment took place at the National Ignition Facility at the Lawrence Livermore National Laboratory (LLNL) in California.

LLNL director Dr Kim Budil said: "This is a historic achievement… over the past 60 years thousands of people have contributed to this endeavour and it took real vision to get us here."

Nuclear fusion is described as the "holy grail" of energy production. It is the process that powers the Sun and other stars.

It works by taking pairs of light atoms and forcing them together - this "fusion" releases a lot of energy.

It is the opposite of nuclear fission, where heavy atoms are split apart. Fission is the technology currently used in nuclear power stations, but the process also produces a lot of waste that continues to give out radiation for a long time. It can be dangerous and must be stored safely.

BBC

# DR Congo floods leave more than 120 dead in Kinshasa

**Kinshasa December 14**

More than 120 people have been killed following the worst floods in years in the capital of the Democratic Republic of Congo, Kinshasa, the authorities say.

Major roads in the city centre were submerged as heavy rains continued for hours and several homes collapsed.

Many of those who died were in hillside areas which suffered landslides.

The government has announced a three-day period of national mourning.

The death toll, which was first estimated to be at least 55, jumped to more than 120 by Tuesday evening.

Entire neighbourhoods were flooded with muddy water, and houses and roads ripped apart by sinkholes, including the N1 highway that connects the capital to the country's main port of Matadi.

An AFP journalist saw the bodies of nine members of a single family who were killed when their home collapsed.

"We've never seen a flood here on this scale," said Blanchard Mvubu, who lives in one of the worst affected areas.

"I was asleep and I could feel water in the house. It's a disaster - we've lost all our possessions in the house, nothing could be saved."

Prime Minister Jean-Michel Sama Lukonde led a government delegation through parts of Kinshasa to assess the damage on Tuesday.

BBC


Heavy rains caused floods and landslides in Kinshasa.

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၀၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဆောင်းနေကြာဧက ၄၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာဧက ၃၀၀၀ စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ဆောင်းနေကြာဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဝက်လက်မြို့နယ်မှာ အရင်တုန်းကတည်းက မိုးနေကြာ စိုက်ပျိုးခဲ့တာမရှိဘူး။ ဆောင်းနေကြာကိုပဲ စိုက်ပျိုးခဲ့ကြတာပါ။ စားသုံးဆီဖူလုံဖို့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေကြာဆီကို စားသုံးနိုင်ဖို့ရာအတွက် ဆီထွက်လဲကောင်းပြီး အထွက်နှုန်းလဲကောင်းတဲ့ နေကြာမျိုးကောင်းမျိုးသန့်တွေကို ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖြန့်ဖြူးပေးချင်တာဖြစ်တဲ့အတွက် ဒီနှစ်မိုးရာသီစိုက်ပျိုးချိန်မှာ နေကြာမျိုးစေ့ထုတ်စံပြကွက်ဧက ၂၅၀ စိုက်ပျိုးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ဝက်လက်မြို့နယ်တွင် ဆောင်းနေကြာသီးနှံ ၄၂၁၁ ဧက စိုက်ပျိုး နိုင်ခဲ့ကြောင်း၊ ယခုနှစ် ဝက်လက်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနေကြာ စိုက်ပျိုးသည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာပေးသင်တန်းများ ပို့ချခြင်း၊ နေကြာမျိုးစေ့များ ပံ့ပိုးပေးအပ်ခြင်း၊ ယူရီးယား ဓာတ်မြေသြဇာများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှု စစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်နေမှုများကို ဒီဇင်ဘာ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့် တာဝန်ရှိသူများက မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါခုတ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Box Culvert တံတားနှစ်စင်း တည်ဆောက်နေမှုများကို စစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါခုတ်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၁၃၅ သန်းဖြင့်ဆောင်ရွက်သည့် လမ်းအရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Excellent Founder နှင့် မင်းမြန်မာထွန်းကုမ္ပဏီတို့ပူးပေါင်း၍ စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကုန်ထုတ်လမ်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းနှင့် တံတားလုပ်ငန်း ၈၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့် လုပ်အားကိုလည်း သက်သာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မြေပုံမြို့နယ် ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မြေပုံ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဆိပ်ခံတံတားကော်မတီဝင်များနှင့်အတူ ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဆိပ်ခံတံတားကော်မတီဝင်များ၊ ရပ်မိရပ်ဖများကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြေပုံမြို့နယ် ပုဆိုးပျောက်ကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ၁၂ ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၆၀ သန်းဖြင့် နေလအားမာန်ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီးဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၂၂၇ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၃၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကြား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၃၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၃၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# စုစည်းညီညွတ်သည့်အားကိုတည်ဆောက်၍ ဒေသနှင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ကြရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**မိမိတို့နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန်ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များဖြစ်လာမည်ဖြစ် . . .**

**စာပေဖတ်ရှုခြင်းသည် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လို . . .**

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒေသခံတိုင်းရင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် တပ်များဖြစ်သဖြင့် ဒေသခံများနှင့် တပ်စည်းလုံးညီညွတ်မှု ရှိရမည်ဖြစ်ပြီး စုစုစည်းစည်းဖြင့် ညီညီညွတ်ညွတ်ရှိရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့် အင်အားရှိမည်ဆိုပါက မည်သူမျှ မိမိတို့၏တပ်ရင်းတပ်ဖွဲ့ကို ထိခိုက်အောင်ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အလားတူ ဒေသတွင်းရှိလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွ စုစည်းညီညွတ်စွာ နေထိုင်မည်ဆိုပါက ဒေသကို မည်သူမျှထိ၍ရမည်မဟုတ်သဖြင့် စည်းလုံးခြင်း၏အားကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## စုစည်းညီညွတ်သည့်အားကို တည်ဆောက်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် ပူတာအိုဒေသသည် သွားရေးလာရေး ကန့်သတ်ချက်ရှိသည့် နေရာတစ်ခုဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုဒေသအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နယ်မြေခံတပ်ဖြစ်သဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များတွင် ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသူများပါဝင်ကြောင်း။

အမျိုးသမီးများသည် မိခင်စိတ်ရှိကြပြီး ၎င်း၏မိသားစုကို ကာကွယ်လိုသည့်စိတ် အခြေခံရှိပြီးဖြစ်ကြောင်း၊ အချို့သောဒေသများရှိ တပ်ရင်းတပ်ဖွဲ့များသို့ လက်နက်ကိုင်အဖွဲ့များက အလစ်အငိုက်လာရောက်တိုက်ခိုက်ခဲ့ချိန်တွင် တပ်မတော်သားမိသားစုဝင်အမျိုးသမီးများအနေဖြင့် မိမိတို့၏သားသမီးများနှင့် မိမိတပ်ကို မထိခိုက်အောင် ကာကွယ်လိုသည့်စိတ်ဖြင့် လာရောက်တိုက်ခိုက်သူများကို ရှုပ်ရှုပ်ချွံချွံပြန်လည်တိုက်ခိုက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိခင်စိတ်နှင့် ဖခင်စိတ်ကို ပေါင်းစပ်လိုက်မည်ဆိုပါက မိသားစုတစ်ခုသည် စည်းလုံးညီညွတ်သည့်အားရှိသည့် မိသားစုတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင်လည်း အဆိုပါစိတ်ဓာတ်များရှိအောင် တည်ဆောက်သွားကြရန်လိုပြီး စုပေါင်းသည့်အားဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပူတာအိုဒေသသည် အေးမြသည့်ဒေသဖြစ်သဖြင့် ရာသီဥတုနှင့်ကိုက်ညီပြီး မိမိတို့စားရေးကို အထောက်အကူပြုနိုင်သည့် စားပင်သီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် တတ်နိုင်သမျှဆောင်ရွက်နိုင်သည့် အခြေအနေရှိသောထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

## စည်းကမ်းစနစ်တကျရှိပြီး စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရမည်

တပ်မတော်တွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ညွှန်ကြားချက်များရှိပြီးဖြစ်ကြောင်း၊ စည်းကမ်းတကျရှိစေရန်နှင့် စည်းစနစ်ကျနစေရန်အတွက် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းများနှင့်အညီ နေထိုင်ကျင့်ကြံနေထိုင်ရန်လိုအပ်သကဲ့သို့ ကိုယ်ပိုင်အချိန်များတွင်လည်း စည်းကမ်းရှိစွာဖြင့် လွတ်လပ်စွာ နေထိုင်ရန်ခွင့်ပြုပေးထားကြောင်း၊ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ သတ်မှတ်ဝတ်စုံများဝတ်ဆင်ရာတွင် စနစ်တကျရှိရန်လိုအပ်သကဲ့သို့ အရပ်ဝတ်ဝတ်ဆင်ရာတွင်လည်း **စာမျက်နှာ ၁၉ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စာသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများ ပေးအပ်စဉ်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

သေသပ်မှုရှိရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုရှိခြင်းသည် စစ်သည်တစ်ဦးချင်း၏ ဘဝအတွက် ကောင်းမွန်သည့် အလေ့အကျင့်တစ်ခုပင်ဖြစ်ကြောင်း၊ **မိမိတို့ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန်ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သား ပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များဖြစ်လာမည်ဖြစ်**ကြောင်း။

စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ကိုင်ဆောင်နေရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာ အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ သို့မှသာ စစ်မြေပြင်တွင် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တာဝန်ထမ်းဆောင်ချိန်ကာလများတွင် သတိဖြင့်နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်မြေပြင်၌ အချိန်၊ ရာသီဥတု၊ မြေအနေအထားတို့အပေါ် တွင်မူတည်၍ အလစ်အငိုက်တိုက်ခိုက်ကြခြင်းဖြစ်သဖြင့် သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

**မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့်လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို...**

**ပညာရေးအားပေးမြှင့်တင်**

စစ်သည်တစ်ဦးချင်း၏ သတ်မှတ်အချိန်အတွင်း ရာထူးတိုးတက်ရေးအတွက် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ပေးထားကြောင်း၊ **မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ သုတ၊ ရသများ ပြည့်စုံစေရန်အတွက် စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထိုသို့ လေ့လာနိုင်ရန်အတွက် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားကြောင်း၊ **စာပေဖတ်ရှုခြင်းသည် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လို**ကြောင်း၊ အလားတူ တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်က အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ပူတာအိုဒေသသည် ဝေးလံခေါင်ဖျားပြီး ရာသီဥတုအေးမြသည့် ဒေသဖြစ်သဖြင့် ကျန်းမာရေးကို အလေးထားနေထိုင်ရန်လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်ရန်နှင့် မိမိဘဝအတွက်အကျိုးမရှိသည့်အသောက်အစားနှင့် အပျော်အပါးများကို ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းနေထိုင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စိုရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၂၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၁၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၈ | ၁၈၉၈ |
| 95 Ron | ၁၉၁၀ | ၁၉၈၂ |
| HSD (500 ppm) | ၂၂၄၈ | ၂၃၂၃ |
| HSD (50 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (10 ppm) | ၂၃၂၂ | ၂၃၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့ကျရောက်သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူး နေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် အရေးပါသော နေ့ရက်များစွာအနက်မှ ထူးထူးခြားခြားရှိသော နေ့တစ်နေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့ ပါသည်။

ရခိုင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင် ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် (၄၈) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင် တည်ရှိ ပြီး ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြား ကမ်းမြောင် ဒေသ၌ တည်ရှိပါသည်။ သဘာဝပထဝီဝင်အနေအထားအရ အဖိုးတန် မြစ်၊ ချောင်း၊ အင်းအိုင်၊ ကျွန်းများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ သဘာဝ သယံဇာတပေါကြွယ်ဝပြီး ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် အတူ ကမ္ဘာ့အလှဆုံးစာရင်းဝင် ပင်လယ်ကမ်းခြေဒေသကိုလည်း ပိုင်ဆိုင် ထားပါသည်။

ရခိုင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းမွန်သော သဘာဝပထဝီဝင် အနေအထားကြောင့် ဆန်ရေစပါး၊ သားငါးနှင့် အဖိုးတန်သဘာဝ ထွက်ကုန်များထွက်ရှိသည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဒေသခံ တိုင်းရင်းသားတို့၏ ချစ်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခု ဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၁ မိုင် ကျယ်ဝန်းပြီး ခရိုင် ငါးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် တောင်ကုတ်ခရိုင်နှင့် အမ်းခရိုင်တို့ ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ရခိုင်ပြည်နယ်သည် ခရိုင် ခုနစ်ခရိုင်ဖြင့်ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်လာပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဒေသသည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်း တောက်ပရာဒေသဖြစ်ခဲ့ပြီး မြောက်ဦးဒေသကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြို့တော်အဖြစ် အသိအမှတ်ပြုနိုင် ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်သည် ရှေးရခိုင်ဘုရင်များလက်ထက်မှစ၍ ယနေ့အချိန်အထိ ရဟန်းစာဆို၊ လူစာဆိုများသာမက ရခိုင်လူမျိုးပညာရှိများ၊ ပညာရှင်များ များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ရခိုင်စာပေသည် ဓညဝတီခေတ် အေဒီတစ်ရာစုခန့် ကပင် စတင်ထွန်းကားလာခဲ့ပါသည်။ မြန်မာစာပေတွင် ထင်ရှားသည့် လောကသာရပျို့ကို ရခိုင်သူမြတ်က လေးမြို့ခေတ်တွင် ရေးသားခဲ့ကြောင်း သမိုင်းဆိုင်ရာမှတ်တမ်းများအရ တွေ့ရှိရသည့်အတွက် စာပေယဉ်ကျေးမှု ဓလေ့ထုံးစံ စသည်တို့တွင် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါ်များလှသည့် ပြည်နယ်ဒေသတစ်ခုပင်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း တို့ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ တော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက် ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်သည် သဘာဝပထဝီဝင်အနေ အထားအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခြားဒေသများနှင့်နှိုင်းစာ လျှင် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရပါသည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေး များအရ ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများကိုလည်း အကောင်းဆုံး ကျော်လွှားပြီး ဖြေရှင်းရန်ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်အဆက်ဆက်အစိုးရများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ကို အခြားဒေသများထက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ မကျန်ရစ်နေစေရန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းဒေသများသို့ အချိန်မရွေး ကူးလူးသွားလာဆက်ဆံနိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးမှုများ တိုးပွားစေခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"ရခိုင်ပြည်နယ်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"**ကို ဖွဲ့စည်းပြီး ရခိုင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍ အလိုက် အစီအမံများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါသည်။ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းကျော် ရှိသဖြင့် လူမှုစီးပွားဘဝမြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံးဖြစ်လာစေရန်အတွက်လည်း စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ရေလုပ်ငန်း များဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။

အဆိုပါငွေကို ပြည်ထောင်စုသို့ ပြန်လည်ပေးဆပ်ရန်မလိုဘဲ ရခိုင် ပြည်နယ်အတွင်း စဉ်ဆက်မပြတ်လည်ပတ်အသုံးပြုနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံများ၏ ဝင်ငွေလည်းတိုးပွားလာမည်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၏ လူမှုစီးပွား ဘဝများဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင် ရွက်ပေးလျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း တို့ခင်ဗျား**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတ စသည့် အနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်လာခဲ့ကြပါ သည်။ ထိုသို့တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာနေထိုင်လာခဲ့ကြသော် ငြား ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှု များကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံး ညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ ကြပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေ သော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်း ရေးကို ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ သည် တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ် သဘောတွေ့ဆုံမှုများ၊ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်တွေ့ဆုံ ဆွေးနွေးမှုများဖြင့် မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ပါတီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပထမအကြိမ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဒုတိယအကြိမ်ဆောင်ရွက်ခဲ့ပြီး ဆွေးနွေး ညှိနှိုင်းချက်များအရ ပြည်နယ်အဆင့် နှစ်ဖက်သဘောတူထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ် ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်း ရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်း တို့ခင်ဗျား**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်ပါ သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော စိန်ရတုပြည်ထောင်စုနေ့ကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် နေ့သည်လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့် အားလျော်စွာ နေပြည်တော်တွင် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အနုပညာရှင်များပါဝင်သော ဂီတပဒေသာကပွဲကို စည်ကားစွာကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍လည်း အားကစားပြိုင်ပွဲများ၊ စာပေနှင့်အနုပညာပြပွဲ များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များဖြင့် လှည့်လည်ပြသခြင်း၊ တိုင်းရင်းသားရိုးရာအကအလှ များဖြင့်ဖျော်ဖြေခြင်း၊ ပြခန်းများနှင့်ရိုးရာအစားအသောက်များ ကျွေးမွေး ဧည့်ခံရောင်းချပေးခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပြီး လွတ်လပ်ရေး၏အသီးအပွင့်ကို ပြည်သူများသိမြင်ခံစားနိုင်စေရန် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့်တိုင်းရင်းသား များသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင် လျက်ရှိကြပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ် မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့ပေါ်တွင် မှီတည်လျက်ရှိပါ သည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ ပါသည်။

ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးတို့ကို ထမ်းဆောင် နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရအေးချမ်းသာယာပျော်ရွှင် ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) အောင်မြင်စွာကျင်းပပြီးစီး






**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်) (10th ASEAN Quiz-Regional Level) ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို မလေးရှားနိုင်ငံ၊ တတိယဆုကို လာအိုနိုင်ငံတို့က ရရှိကြသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံအလိုက် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်ပြိုင်ပွဲများ အဆင့်ဆင့်ပြုလုပ်၍ နိုင်ငံအလိုက် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီရွေးချယ်ကာ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်သူများ၊ သင်တန်းနည်းပြများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများက online ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ASEAN Anthem သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက "Welcome to the 10th ASEAN Quiz" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်သူများက နိုင်ငံအလိုက် နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ASEAN Quiz ဒေသတွင်းအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် theme တစ်ခုကိုလည်းရွေးချယ်ဆောင်ရွက်ကြရပြီး ယခုနှစ်တွင် မြန်မာနိုင်ငံက "ASEAN: A Community of Peace, Prosperity and Sustainability" (အာဆီယံသည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်သည်)ဆိုသည့် Theme ကို ရွေးချယ်အတည်ပြုထားပါကြောင်း။

အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးထားပြီး အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် ရည်ရွယ်ချက်များ၊ အာဆီယံဆောင်ပုဒ်ဖြစ်သည့် "တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောသွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသောအသိုက်အဝန်း" ဆိုသည့် ဆောင်ပုဒ်များကို ထင်ဟပ်ပေါ်လွင်စေရန် Theme ကို စီစဉ်ရွေးချယ်ထားခြင်းဖြစ်ပြီး ဒေသတွင်းအဆင့် ASEAN Quiz ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပြည်ထောင်စု၏ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက အကဲဖြတ်ဒိုင်များ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အကြီးတန်းအရာရှိတို့ကို အမှတ်တရလက်ဆောင်များ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မင်္ဂလာပါအာဆီယံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်)စတင်ရန် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များသည် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြပြီး အကဲဖြတ်ဒိုင် ဒေါ်ငွေငွေဆွေက အမှတ်ပေးပုံနှင့် ရွေးချယ်မည့်ပုံစံကို ရှင်းလင်းတင်ပြကာ ပြိုင်ပွဲကိုစတင်သည်။

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းနှင့် အာဆီယံဒေသဆိုင်ရာ အထွေထွေဗဟုသုတများကို Multiple Choice, Fill in the Blank, True or False, Mixed Question ပွဲစဉ် လေးခုဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများက ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "We are One" တေးသီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ထာဝရမြန်မာ" တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖျော်ဖြေကြသည့် အနုပညာရှင်များကို လက်ဆောင်ပန်းခြင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က တတိယဆုရရှိသည့် လာအိုနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဒုတိယဆုရရှိသည့် မလေးရှားနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်သူများသည် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ညနေပိုင်းတွင် အာဆီယံဉာဏ်စမ်းပဟေဠိ(ဒေသတွင်းအဆင့်)ပြိုင်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာ နိုင်ငံအလိုက် တေးသီချင်းများ ပျော်ရွှင်စွာ သီဆိုကြသည်။ ထို့ပြင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာ နိုင်ငံအလိုက် ရိုးရာအက၊ တေးသီချင်းများဖြင့် ပျော်ရွှင်စွာ စုဖွဲ့သီဆိုကြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်သူများကို ကျေးဇူးတင်စကားပြောကြားပြီး ပြိုင်ပွဲဝင် ၁၈ ဦးကို ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအတွက် အသိအမှတ်ပြုလက်မှတ်များ တစ်ဦးချင်းစီ ပေးအပ်သည်။

ညစာဖြင့် တည်ခင်းဧည့်ခံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာကြသူများကလည်း တေးသီချင်းများဖြင့် ပျော်ရွှင်စွာ ပါဝင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ဇနီး ဒေါ်ခင်ဆွေဝင်းက ပြိုင်ပွဲဝင်များကို မြန်မာ့ရိုးရာစားသောက်ကုန်ပစ္စည်းများကို တစ်ဦးချင်းစီ ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**အများသိစေရန် ကြေညာခြင်း**

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ်(၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သာသနာ့မင်္ဂလာစာသင်တိုက်ရှိ သံဃာတော်များကို တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ မြို့လည်ကျောင်းတိုက်၊ ကွတ်ခိုင်မြို့ရှိ တောင်တန်းဒေသထေရဝါဒ ဗုဒ္ဓသာသနာပြုဝေယံဘုံသာကျောင်းတိုက်နှင့် တန့်ယန်းမြို့ရှိ နယ်စပ်ဒေသတောင်တန်းသာသနာပြု ရွှေမောင်းသာသနဝေပုလ္လ သီလရှင်စာသင်တိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ရှိ လွယ်ပေါ်ဘုန်းတော်ကြီးကျောင်းနှင့် ကွန်ဟိန်းမြို့ရှိ အောင်မင်္ဂလာစာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဘုရားလေးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မင်္ဂလာစံကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အေးရိပ်မွန်သီလရှင်ကျောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ မကွေးမြို့ရှိ နတ်စုတောင်သီလရှင်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ သာသနာ့မင်္ဂလာစာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန်းတောင်ခြေ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ဆရာတော်ထံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းစဉ်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## MSME ချေးငွေများဆိုင်ရာအသိပေးကြေညာချက်

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးနှင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် MSME ချေးငွေများကို ၂၀၁၂ ခုနှစ်မှစတင်၍ ထုတ်ချေးပေးလျက်ရှိပါသည်။ MSME လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါချေးငွေအမျိုးအစားများကို သက်ဆိုင်ရာဘဏ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) JICA Two-Step Loan ချေးငွေ

- **ဆောင်ရွက်သည့်ဘဏ်** - မြန်မာ့စီးပွားရေးဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊မြန်မာ့ရွှေဆောင်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်
- **ချေးငွေသက်တမ်း** - (၅)နှစ် (အများဆုံး)
- **ချေးငွေပမာဏ** - ကျပ်သိန်း ၅၀၀ (အများဆုံး)
- **အတိုးနှုန်း** - ၅.၅ % (မရွှေ့ပြောင်းနိုင်သောအာမခံပစ္စည်းဖြင့်ချေးယူလျှင်) ၆%-၁၀% (အပေါင်ပစ္စည်း လျှော့ပေါ့ချေးငွေချေးယူလျှင်)
- **အပေါင်ပစ္စည်း** - မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်မြေပေါ်ရှိအဆောက်အအုံ)၊ CGI အာမခံ

(ခ) MEB(MSME) ချေးငွေ

- **ဆောင်ရွက်သည့်ဘဏ်** - မြန်မာ့စီးပွားရေးဘဏ်
- **ချေးငွေသက်တမ်း** - (၅)နှစ် (အများဆုံး)
- **ချေးငွေပမာဏ** - ကျပ်သိန်း ၃၀၀ (အများဆုံး)
- **အတိုးနှုန်း** - ၆.၅ % (မရွှေ့ပြောင်းနိုင်သောအာမခံပစ္စည်းဖြင့် ချေးယူလျှင်) ၇%-၉% (အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေချေးယူလျှင်) ၈.၅%-၁၁.၅% (အပေါင်ပစ္စည်းတွင် စက်ပစ္စည်းအာမခံထည့်သွင်းချေးယူလျှင်)
- **အပေါင်ပစ္စည်း** - မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ)၊ CGI အာမခံစက်ပစ္စည်း

၂။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလထိ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ထုတ်ချေးသည့် ချေးငွေအစီအစဉ်များအနက် SMIDB(SME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၄၅၆ ဦးသို့ ချေးငွေကျပ် ၂၀၆၃၈ သန်း၊ JICA Two-Step Loan (MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၂၀၄၅ ဦးသို့ ချေးငွေကျပ် ၃၆၄၅၃၄ ဒသမ ၁၈ သန်းနှင့် MEB(MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၃၄၂ ဦးသို့ ချေးငွေကျပ် ၂၅၉၇၇ သန်း ထုတ်ချေးပြီးဖြစ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ခေါင်းရပ်ကွက်နေ ပိုင်ဟိန်းခန့်(ခ)အာဆွင်းသည် ၎င်းအသုံးပြုသည့် "Arswin" Facebook အကောင့်သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို နယ်မြေခံ တပ်ရင်းခန်းမ၌လည်းကောင်း၊ ရောဝတီ တိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌လည်းကောင်း ယနေ့တွင် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးများက အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့၌ လေးခရိုင် အလွှတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်



လေးခရိုင် အလွှတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအဖြစ် နမ့်စန်တပ်နယ် အသင်းနှင့် မိုးနဲမြို့နယ် အသင်းတို့ ယှဉ်ပြိုင် ကစားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့တွင် လေးခရိုင် အလွှတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မြို့နယ်အားကစားကွင်း၌ ပြုလုပ်ခဲ့သည်။ အဆိုပါဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင် လေးခရိုင်မှ ပြိုင်ပွဲဝင် အသင်း ၁၃ သင်းဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ကျောင်းသူများက ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းသရုပ်ပြလေ့ကျင့်မှုနှင့်တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လေးခရိုင်အလွှတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် နမ့်စန်တပ်နယ်အသင်းနှင့် မိုးနဲမြို့နယ်အသင်းတို့၏ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစု ၄၆၅ ဦးတို့က မိမိတို့၏သွေးဖြင့် အများပြည်သူတို့၏ အသက်များကို ကယ်တင်နိုင်ရေးအတွက် ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အလယ်ပိုင်းရေတပ်ကွပ်ကဲမှု ဌာနချုပ်ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ စုပေါင်းသွေးလှူဒါန်းမည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များကို သွေးလှူဒါန်းနိုင်ရေးအတွက် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသူများကို အားဆေးများ၊ ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။



(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၅၂၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၂၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒီဇင်ဘာ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၀၈ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၀၄၄ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာ ၁၃ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၁၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်လိုက်ခရိုင်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၉၁၇၉ ဧက လျာထားစိုက်ပျိုးမည်



ယခုနှစ် မိုးကာလက စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၉၁၇၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဧက ၂၃၀၀၊ ဖောင်းပြင်မြို့နယ်တွင် ၆၈၇၉ ဧက စုစုပေါင်း ၉၁၇၉ ဧကတို့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ နွေသီးနှံစိုက်ပျိုးချိန် မော်လိုက်ခရိုင်မှာ နွေစပါးသီးနှံဧက ၉၀၀၀ ကျော် စိုက်ပျိုးသွားဖို့ လျာထားတယ်။ ဒီနှစ် နွေစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေတယ်။ စိုက်နည်းစနစ်တွေ၊ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးမှုတွေ ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ်က နွေသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်အတွင်း မော်လိုက်မြို့နယ်တွင် ၁၆၈၄ ဧက နှင့် ဖောင်းပြင်မြို့နယ်တွင် ၆၄၂၂ ဧက စုစုပေါင်း ၈၁၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစုံဧက ၉၄၀၆၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၀၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ဆားမော်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသောင်းထိုက်၊ မိုးကောင်းမြို့နယ် ဦးစီးမှူး ဦးကျော်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဆားမော်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ် စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆားမော်ကျေးရွာ၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၁၄ ဒသမ ၈ သန်းဖြင့် အရှည် ခြောက်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အလျား ၁၈ ပေ၊ အနံ ငါးပေနှင့် အမြင့် ငါးပေရှိ Box Culvert ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို Asia Boom ကုမ္ပဏီက အောက်တိုဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။ **ချစ်ဦးကို**



# ကွမ်းလုံမြို့နယ် ဆီခပ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွမ်းလုံ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းလုံမြို့နယ် ဆီခပ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် သောက်သုံးရေဖူလုံစွာရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကွမ်းလုံမြို့နယ် ဆီခပ်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆီခပ်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၂ သန်းဖြင့် စိမ့်စမ်းရေနှစ်မိုင်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတားတမံလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Platinum Village ကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၁ အိမ်၊ လူဦးရေ ၂၀၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေများဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ထာဝရရွှေတောင်ပံများ

\- အမိမြန်ပြည်၊ ရွှေဝါမြေအတွက်
ပြာလဲ့လင်းလက်၊ ကောင်းကင်ထက်မှ
ဖြူစင်နှလုံးသား၊ ဝင့်ကြွားအားမာန်
တောင်ပံဖြန့်ဝဲ၊ တို့လေသူရဲများ။

\- မှိုင်းပိတ်မြူခိုး၊ တောင်ရိုးတစ်လျှောက်
မြင်ကွင်းပျောက်လည်း၊ ထိုးဖောက်ပျံသန်း
မကြောက်တမ်းဇွဲဖြင့်၊ ကမ်းလင့်အောင်ပွဲ
ခိုင်မြဲစေရေး၊ ပျံသန်းပေးလျက်
တိုက်ပွဲမွှေ့လျော်၊ လေသူရဲကျော်များ။

\- ရေဘေးငလျင်၊ ရင်ဆိုင်ကြုံရ
ဒေသများ၌၊ နေ့ညမရွေး
ကယ်ဆယ်ရေးအတွက်၊ မနေးအမြန်
ထက်သန်လှုပ်ရှား၊ တို့လေသူရဲများ။

\- ကောင်းကင်တခို၊ တမ်ညိုမှိုင်းဆင့်
မုန်တိုင်းမြင့်လျက်၊ လျှပ်ပန်းမိုးကြိုး
နတ်ဆိုးစေတန်၊ ကြီးစိုးပြန်လည်း
လင်းယုန်အားမာန်၊ အန်တုလှုပ်ရှား
စွန့်လွှတ်စွန့်စား၊ တို့လေသူရဲများ။

\- စိန်ရတုလမ်း၊ ဖြတ်သန်းခရီးဆက်
ဒို့တပ်မတော်(လေ)၊ လက်ဆင့်ကမ်းအမွေဖြင့်
ရှင်သန်စေလျက်၊တည်ကြည်ရဲရင့်အားမာန်သစ်ဖြင့်
တောင်ပံဖြန့်ချီ အောင်ပွဲဆီ. . .
တောင်ပံဖြန့်ချီအောင်ရမည်. . .။ ။

**အာကာကျော်**

# ကြာအင်းဆိပ်ကြီးမြို့နယ် ပေါလောကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါလောကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မိခင်မိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပေါလောကုန်းကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၁၃၀ စုစုပေါင်းငွေကျပ်သိန်း ၂၃၀ ဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ပြည်သူလူထုကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ပေါလောကုန်းကျေးရွာအပါအဝင် ကျေးရွာကိုးရွာ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဒေါ်မိခင်မိုးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ကျန်းမာပြီးအသက်ရှည်အောင်

**မြင်းခြံကျော်အောင်**

"မေမေ ပုစွန်ဟင်းစားချင်တယ်"

"အေး အေး"

သုံးနှစ်သားလေးက မိခင်ဈေးသွားဖို့ဟန်ပြင်နေစဉ် ပြောတဲ့စကား။ ဈေးကပြန်လာတဲ့အခါ ပုစွန်က ဈေးကြီးတော့ ဝယ်မလာ။ သားက ပုစွန် ပါ၊ မပါ မေးတော့ အမေဖြစ်သူက ဒီနေ့ ဈေးမှာ ပုစွန်မရှိဘူးလို့ လိမ်ပြောခဲ့တယ်။

နောက်ရက် ဈေးသွားတဲ့အခါမှာလဲ အမေ မေ့လာခဲ့တယ်လို့ လိမ်ပြောပြန်တယ်။ အမှန်တော့ ပုစွန်က ဈေးမှာရှိပါတယ်။ ဈေးကြီးလို့ ဝယ်မကျွေးတာ။

အခုခေတ်ကလေးအတော်များများ အစားအစာကို အထူးမက်ကြတယ်။ ကြည့် သုံးနှစ်သား စကားပြောတတ်စကလေးကတောင် ဘာစားချင်တယ်လို့ ပြောနေပြီ၊ ဝယ်ကျွေးခိုင်းနေပြီ။

ငွေကြေးတတ်နိုင်သူတွေဆို ကလေးအရွယ်ကို အစုံကျွေးတယ်။ ကောင်းမယ့်ဆိုတာတွေကို ဆိုင်ခေါ်သွားပြီးကျွေးတယ်။ အဲဒီတော့ အစားအစာကို တန်ရုံစားရမဲ့အကျင့် ကလေးအရွယ်ကတည်းက မသိတော့။ ပိုဆိုးတာက ဆီးချိုရောဂါဖြစ်နိုင်တယ်ဆိုတာ သိလျက်နဲ့ အလိုလိုက်ပြီး အချိုရည်တွေ ဝယ်တိုက်နေတာတွေကို မိဘတွေ ဆင်ခြင်ရမယ်။

ဘယ်အစားအစာပဲဖြစ်ဖြစ် လွန်လွန်ကဲကဲစားရင် မကောင်းဘူး။ တန်ဆေးလွန်ဘေးပဲ။ တစ်လောက တက္ကစီဆရာတစ်ယောက်က စာရေးသူကိုပြောပြတယ်။ အရင်အလုပ်နဲ့တုန်းက တစ်နေ့လက်ဖက်ရည်ကော်ဖီ ခုနစ်ခွက်လောက် သောက်ဖြစ်တယ်တဲ့။ အဲဒါနဲ့ သူ့မှာ ဆီးချိုရောဂါဖြစ်နေပြီတဲ့။

အဲဒီတော့ အစားမကြူးဖို့လိုတယ်။ အစားကြူးတာဟာ ရောဂါတွေဖြစ်စေပြီး အသက်တိုတတ်တယ်။ အချိုရည်တွေ၊ အရက်တွေ အသောက်ကြူးရင်လဲ ရောဂါဖြစ်တာပဲ။

**မြန်မာတို့ရဲ့လူ့သက်တမ်း**

ကျွန်တော်တို့မြန်မာတွေရဲ့သက်တမ်းက တိုတယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြန်မာနိုင်ငံရဲ့လူ့သက်တမ်းဟာ မြို့ပြမှာအမျိုးသားက ၆၅ ဒသမ ၁ နှစ်၊ အမျိုးသမီးက ပျမ်းမျှ ၇၀ ဒသမ ၅ နှစ်၊ ကျေးလက်မှာ အမျိုးသားက ၆၃ ဒသမ ၉ နှစ်၊ အမျိုးသမီးက ၆၇ ဒသမ ၄ နှစ်ရှိပြီး တစ်ပြည်လုံးအနေနဲ့ အမျိုးသား၊ အမျိုးသမီးပျမ်းမျှ ၆၆ ဒသမ ၈ နှစ်သာ ရှိတယ်လို့ လွှတ်တော်မှာတင်ပြခဲ့တယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့ လူ့သက်တမ်းက အကြမ်းအားဖြင့် ၆၇ နှစ်သာဖြစ်တယ်။ ဒီလိုသက်တမ်းတိုနေတာ တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်ကောင်းပါ့မလဲ။

အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေ ကျန်းမာပြီး အသက်ရှည်အောင်လုပ်လို့ရပါတယ်။ တကယ် ကျန်းမာချင်ရင်၊ တကယ်အသက်ရှည်ချင်ရင် အဓိက လုပ်ရမှာ နှစ်ချက်ပဲရှိပါတယ်။ အဲဒါက အစားမကြူး ဖို့နဲ့ လမ်းများများလျှောက်ကြဖို့ပါ။

**အစားကြူးခြင်းကို ဆင်ခြင်ရပါမယ်**

ပထမဆုံးလုပ်ရမှာက အစားမကြူးရပါဘူး။ အစားကြူးတာဟာ စီးပွားဥစ္စာပျက်စေတာဖြစ်တယ် ဆိုတာကို မြတ်ဗုဒ္ဓက ဟောကြားခဲ့တယ်။

**စီးပွားပျက်ပြားအပေါက်ခြောက်ပါး**တဲ့။ အဲဒီ အပေါက်တွေကတော့-

(၁) ပျင်းရိခြင်း၊
(၂) မေ့လျော့ခြင်း၊
(၃) ကိုယ်နှုတ်မစောင့်စည်းခြင်း၊
(၄) အအိပ်ကြီးခြင်း၊
(၅) ထကြွလုံ့လမရှိခြင်းနဲ့
(၆) အစားကြီးခြင်းတို့ပဲဖြစ်ပါတယ်။

အစားအစာကို လွန်စွာတပ်မက်မှုရှိတဲ့သူဟာ ဗိုက်တင်းအောင်စားပြီးတာနဲ့ အိပ်ချင်လာပြီး မလုပ်ချင်မကိုင်ချင်ဖြစ်ကာ အိပ်ပြီးမထတော့ဘူး။ ဒါနဲ့ မေ့လျော့တာ၊ ထကြွလုံ့လမရှိတာတွေဖြစ်ကုန်တယ်။

❖ ဒီနေ့ခေတ်ကာလမှာ လမ်းလျှောက်တဲ့အလုပ်ကို နေ့စဉ်တော်တော်လုပ်ခဲ့ပါတယ်။ နယ်မှာလဲ ရွာထဲသွားတာ၊ လယ်ယာအလုပ်ခွင်သွားတာမှာ မော်တော်ဆိုင်ကယ်နဲ့ပဲသွားကြတယ်။ မြို့တက်တဲ့အခါ မော်တော်ကား၊ စက်လှေ ဒါတွေနဲ့သွားတယ်။ မြို့ပြကလူတွေအားလုံး ကလေးသူငယ်အပါအဝင် တစ်နေရာရာသွားရင် မော်တော်ကားနဲ့ပဲသွားကြတယ်။ အထိုင်များတယ်။ ကျန်းမာအောင်လမ်းလျှောက်သလားဆိုတော့ လူ ၁၀၀ မှာ ၁၀ ယောက်လောက်တောင် လမ်းမလျှောက်ကြဘူး။ မြို့ကြီးတွေမှာဆို လမ်းပေါ်မှာ ကားတွေနဲ့ပြည့်နေတယ်။ လမ်းလျှောက်သူနည်းပါးတယ်။ ❖

အစားကြူးလို့ ရသင့်တဲ့ဥစ္စာမရ၊ အစားအတွက် ငွေတွေကုန်၊ ရောဂါဘယခံစားရလို့ ကျန်းမာရေးစရိတ်တွေကုန်တာကြောင့် အပေါက်ခြောက်ပါးလို့ သတ်မှတ်ထားတာဖြစ်တယ်။

မြတ်ဘုရားက ဟောတာရှိသေးတယ်။ **အစားကြီးတဲ့လူဟာဆုံးရှုံးသူဖြစ်တယ်။** အအိပ်ကြီးသူ၊ အလကားနေပြီး အချိန်ဖြုန်းသူတွေဟာလဲ ဆုံးရှုံးသူတွေပဲဖြစ်တယ်တဲ့။ တစ်လောက နည်းပညာကောလိပ်တစ်ခုက ကျောင်းသားခြောက်ယောက်ဟာ အစိုးရပေးတဲ့ ထောက်ပံ့ကြေးတစ်ယောက် ငွေကျပ် သုံးသောင်းရတယ်။ အဲဒီလိုရပြီးနောက် ကျောင်းအနီးကစားသောက်ဆိုင်မှာ တစ်ညနေသွားစားတာ One Table တစ်ပွဲတည်းနဲ့ ငွေကျပ်နှစ်သိန်းကုန်ခဲ့တယ်။ ဟင်းတွေကတော့ ဘဲပေါင်း၊ ဝက်သားအခေါက်ကင်၊ ဝက်နံရိုးကြော်၊ ကြက်သား၊ ငါးရှဥ့်ကြော်၊ ပုစွန်ဟင်းနဲ့ ငါးဟင်းချို၊ ခေါက်ဆွဲတွေဖြစ်ပါတယ်။ ဘီယာသောက်သူသောက်၊ ဘရန်ဒီမော့သူကမော့ပေါ့။ ကျန်းမာရေးကို အထောက်အကူပြုတာ သိပ်မပါဘူး။ ဒီနေ့ခေတ်မှာ အရွယ်လေးနည်းနည်းရလာတဲ့ ရှစ်တန်းကျောင်းသား၊ ကျောင်းသူတွေတောင် စားသောက်ဆိုင်ထိုင်တဲ့ အလေ့ဖြစ်ကုန်ပြီး လူကြီးပိုင်းကောလိပ်၊ တက္ကသိုလ်ကျောင်းသားတွေဆို မကြာခဏဆိုင်ထိုင်တာ မဆန်းတော့ပေ။ အကျိုးဆက်ကတော့ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အဆုတ်ရောဂါနဲ့ ဆီးချို၊ သွေးချိုတွေ ခံစားကြရမယ်။ ဒါဆင်ခြင်ကြရမယ်။

နောက်တစ်ခုက ကျွန်တော်တို့ပြည်သူတွေဟာ စားသုံးဆီစားတာများတယ်။ အဲဒါကြောင့် နိုင်ငံမှာလဲ မလောက်လို့ မလေးရှား၊ အင်ဒိုနီးရှားက စားအုန်းဆီတွေ ဝယ်ယူရတယ်။ နိုင်ငံခြားငွေကုန်ရတယ်။ ဆီပြန်ဟင်းတွေ၊ ဆီနဲ့ကြော်လှော်ထားတာတွေ နေ့စဉ်ပါနေတယ်။ ဆီများများစားတဲ့အကျင့်က ပါနေပြီ။ အဲဒီအကျင့်ကို အသိစိတ်နဲ့ မပြုပြင်ရင် သွေးတိုး၊ နှလုံး၊ အသည်းနဲ့ ကင်ဆာရောဂါတွေ အဖြစ်များပြီး သက်တမ်းစေ့၊ သက်တမ်းလွန်အောင် နေရမှာ မဟုတ်ဘူး။

အိန္ဒိယနိုင်ငံမှာ နှလုံးရောဂါတွေဟာ လူငယ်၊ လူလတ်ပိုင်းမှာအဖြစ်များနေပြီဆိုတဲ့ ဆောင်းပါးဖတ်ရတယ်။ ဖြစ်ရခြင်းအကြောင်းရင်းက အဝလွန်ကြလို့၊ ဆီ၊ ထောပတ်အစားများလို့၊ အငန်အစားများလို့ ဖြစ်တာလို့ဖော်ပြထားတယ်။ လူငယ်တွေမှာဖြစ်တာက ရောဂါလက္ခဏာကြိုမပြဘူး။ ဒါပေမဲ့ နှလုံးရောဂါက ဖြစ်နေပြီ။ သီချင်းဆိုရင်း လဲကျသွားတာ။ အားကစားလေ့ကျင့်ရင်း အမောဖောက်လာတာ။ ကျောင်းသွားရင်း မူးတယ်၊ မောတယ်ဆိုပြီး ရုတ်ခြည်းသေဆုံးကုန်တယ်လို့သိရတယ်။ အဲဒီအဖြစ်အပျက်တွေ အရင်းစစ်လိုက်တော့ အစားကြူးလို့ဖြစ်ပါတယ်။

ငွေကုန်သက်သာပြီး လူလဲ ရောဂါဘယကင်းဝေးအောင်ဆိုရင် အစားမကြူးဖို့၊ အစားမကြီးဖို့ပါပဲ။

ဒါကို လူကြီးတွေလဲလိုက်နာပြီး နောင်လာနောက်သားကလေးတွေကိုလဲ ကောင်းတဲ့အလေ့အကျင့် ကျင့်ပေးရမှာဖြစ်ပါတယ်။

ကျွန်တော်ဆိုရင် မိဘကလဲ ဆီစားနည်းတယ်၊ ကိုယ်ကလဲ ဆင်ဆင်ခြင်ခြင်စားတော့ အခုအသက် ၈၄ နှစ်ရှိတာတောင် ကြီးမားတဲ့ရောဂါကြီးတွေမခံစားရဘူး။ ကျန်းမာတယ်။ စာဖတ်သူတွေဆီ ကိုယ့်ဗဟုသုတဖြန့်ပေးနိုင်တုန်းပဲ။

နမ့်ဆန်၊ ကျောက်မဲ၊ သီပေါဘက်က ပလောင်တိုင်းရင်းသားတွေဟာ ဆီစားအထူးနည်းတယ်။ အေးမြတဲ့နေရာမှာနေရတယ်။ လက်ဖက်ထုတ်လုပ်တဲ့ လုပ်ငန်း ဇောက်ချလုပ်တယ်။ သီလမြဲကြတယ်။ အဲဒီတော့ လူတွေဟာ ရောဂါကင်းပြီးအသက်ရှည်ကြတာ တွေ့ရပါတယ်။ နမူနာယူစရာပါ။

အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်။ "ထမင်းတစ်ပန်းကန်ထက်မပိုရင် ဆရာဝန်လိုခဲ့တယ်"တဲ့။ ဆိုလိုတာက ဗိုက်တင်းအောင်မစားရင်၊ အစားမကြီးရင် ကျန်းမာတယ်လို့ဆိုတာပါ။ အဲဒါကြောင့် ကျန်းမာပြီး အသက်ရှည်အောင် အစားမကြူး(အသောက်မကြူး)ဖို့ တိုက်တွန်းပါရစေ။

**လမ်းလျှောက်တာကို နေ့စဉ်လုပ်ပါ**

ဒီနေ့ခေတ်ကာလမှာ လမ်းလျှောက်တဲ့အလုပ်ကို နေ့စဉ်တော်တော်လုပ်ခဲ့ပါတယ်။ နယ်မှာလဲ ရွာထဲသွားတာ၊ လယ်ယာအလုပ်ခွင်သွားတာမှာ မော်တော်ဆိုင်ကယ်နဲ့ပဲသွားကြတယ်။ မြို့တက်တဲ့အခါ မော်တော်ကား၊ စက်လှေ ဒါတွေနဲ့သွားတယ်။ မြို့ပြကလူတွေအားလုံး ကလေးသူငယ်အပါအဝင် တစ်နေရာရာသွားရင် မော်တော်ကားနဲ့ပဲသွားကြတယ်။ အထိုင်များတယ်။ ကျန်းမာအောင် လမ်းလျှောက်သလားဆိုတော့ လူ ၁၀၀ မှာ ၁၀ ယောက်လောက်တောင် လမ်းမလျှောက်ကြဘူး။ မြို့ကြီးတွေမှာဆို လမ်းပေါ်မှာ ကားတွေနဲ့ ပြည့်နေတယ်။ လမ်းလျှောက်သူနည်းပါးတယ်။

ရှေးလူကြီးတွေက လမ်းလျှောက်ကြတယ်။ မြတ်စွာဘုရားနဲ့ တပည့်သံဃာတွေဟာ လမ်းလျှောက်ကြတယ်။ အဲဒီခေတ်ကလဲ စီးနင်းစရာ ဆင်၊ မြင်း၊ ရထား၊ လူထမ်းဝေါယာဉ်၊ လှေတွေရှိတယ်။ မြတ်ဘုရားက ဘာယာဉ်မှမစီးဘူး။ လမ်းပဲ နေ့စဉ်လျှောက်တယ်။ မနက်မလင်းမီ စင်္ကြံကြတယ်။ မနက်လင်းတော့ ဆွမ်းခံကြတယ်။ အဲဒီလောက် ကျန်းမာရေးကို မြတ်ဘုရားက အလေးထားတယ်။

အများပြည်သူ လိုက်နာဖို့ လမ်းလျှောက်ခြင်းရဲ့ အကျိုးငါးပါးကို ဟောခဲ့တယ်။

အဲဒါတွေကတော့-

(၁) ခရီးရှည်သွားနိုင်၏။
(၂) ကြိုးစားအားထုတ်နိုင်၏။
(၃) အနာရောဂါကင်း၏။
(၄) စားသောက်အပ်သော အာဟာရသည် ကောင်းစွာကြေညက်၏။
(၅) စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော တည်ကြည်မှု(သမာဓိ)သည် ကြာမြင့်စွာ တည်နိုင်၏တို့ဖြစ်တယ်။

အဲဒီမှာ အရေးကြီးဆုံးအချက်က အနာရောဂါကင်းခြင်းပဲဖြစ်ပါတယ်။ ရောဂါကင်းရင် အသက်ရှည်ခြင်း သုခခံစားရမှာပါ။

ဒီနေ့ခေတ် ကျန်းမာရေးပညာရှင်ကြီးတွေကလဲ ပြည်သူတွေ ကျန်းမာဖို့လမ်းလျှောက်တဲ့ အလေ့အထ လုပ်ဖို့ တိုက်တွန်းနေပါတယ်။ အဲဒါတွေကတော့-

- တစ်ရက်ခြေလှမ်းတစ်သောင်းလျှောက်ပါ။
- လမ်းလျှောက်တဲ့ အခွင့်အလမ်းကိုနေ့စဉ် ရယူပါ။
- အချိန်ရှိတုန်း၊ အခြေအနေပေးတုန်း ကြိုးစား လမ်းလျှောက်ပါ ဆိုတာတွေဖြစ်ပါတယ်။

ကျန်းမာရေးကောင်းနေစဉ် ဒူးတွေ၊ ခြေထောက်တွေ၊ အရိုးအဆစ်တွေသန်မာပြီး လမ်းလျှောက်နိုင်တဲ့ အချိန်၊ လမ်းလျှောက်နိုင်တဲ့ အခြေအနေပေးနေတဲ့ အချိန်မှာ လမ်းလျှောက်တာကို အလေ့အကျင့်အနေနဲ့ လုပ်ဖို့ပါ။ ဒါဆိုအမြဲကျန်းမာပြီး လမ်းလျှောက်နိုင်ပါမယ်။ အဲဒီလိုလမ်းလျှောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေရှိပါတယ်။ အသက် ၉၀ ကျော်တာတောင် လမ်းလျှောက်ဆဲ၊ ကျန်းမာဆဲပါ။

မကျန်းမာလို့လေဖြတ်ပြီး ခြေလက်ထုံကျဉ်နာစွဲကာ ရောဂါတစ်ခုခုကြီးကြီးမားမားစွဲကပ်ကာ မသန်စွမ်းတော့ဘူးဆိုရင် ဘယ်လောက်ပဲ လမ်းလျှောက်ချင်ပါစေ မလျှောက်နိုင်တော့ပါဘူး။ လေဖြတ်တဲ့သူဆိုရင် လမ်းလျှောက်တာကို အခြားလူတစ်ယောက်နဲ့ လုပ်နေရပြီ။ ဒါကြောင့် ရောဂါမခံစားရခင် လမ်းလျှောက်ဖို့လိုပါတယ်။

နောက် ကျန်းမာရေးပညာရှင်တွေကလဲ လမ်းလျှောက်ခြင်းရဲ့အကျိုးကျေးဇူးတွေကို ပြောထားပါသေးတယ်။ အဲဒါတွေကတော့-

- စိတ်ကျန်းမာရေးကို အထူးအထောက်အကူပြုတယ်။
- ကိုယ်ခံစွမ်းအားမြင့်မားတိုးတက်တယ်။
- အရိုးအဆစ်ကြွက်သားတွေကို သန်မာစေတယ်။
- အဝလွန်ခြင်းနဲ့ သွေးတွင်းအချိုဓာတ် ပမာဏကို ထိန်းညှိပေးနိုင်တယ်။

အဲဒီအကျိုးတရားတွေခံစားရတော့ အထွေထွေသောရောဂါတွေကင်းရတယ်။ လူတွေဟာ အဓိက ရောဂါကြီးတွေကို ကြောက်ကြပါတယ်။ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ သွေးချို၊ ဆီးချိုရောဂါနဲ့ အသည်း၊ အဆုတ်ရောဂါတွေဖြစ်ပါတယ်။ အခြားရောဂါငယ်တွေလဲ ရှိပါသေးတယ်။

ဒါတွေကတော့ သွေးတိုးတာ၊ ကျီးပေါင်းတက်တာ၊ ဂေါက်ရောဂါ၊ ဖျားတာ၊ အခု တစ်ကမ္ဘာလုံးခံစားနေရတဲ့ ကိုဗစ်-၁၉ ရောဂါ၊ တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ စတဲ့ရောဂါတွေဖြစ်ကြပါတယ်။ ဘယ်ရောဂါဖြစ်ဖြစ် သေဆုံးနိုင်တယ်။ အသက်မရှည်နိုင်ဘူး။ ငွေကြေးအကုန်အကျနည်းတာနဲ့ များတာသာကွာခြားတာ။ ရောဂါဒဏ်ခံရတာ အတူတူပါပဲ။ အဲဒီတော့ ကျန်းမာပြီး အသက်ရှည်ရှည်နေဖို့ဆိုရင် အစားမကြူးဖို့၊ အချိုရည်နဲ့ အရက်၊ ဘီယာအသောက်မကြူးဖို့ လိုပါတယ်။ နောက်ပြီး နေ့စဉ်လမ်းလျှောက်ကြဖို့ပါ။ ဒါဆိုရင် ကျန်းမာအသက်ရှည်ပြီး စီးပွားဥစ္စာတွေလဲ တိုးတက်လာမှာပါ။

ကျန်းမာချမ်းသာအသက်ရှည်ကြပါစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ ကြီးပွားရေးလမ်းညွှန်ချက်များ ဦးမောင်မောင်(ဟံသာဝတီ)**
- **အလေ့အထမှသည် ဝါသနာ၊ ဝါသနာမှသည် ကောင်းသောစရိုက်သို့ ဒေါက်တာမြတ်မိုး ၁၆-၁၁-၂၀၂၂ ရက်နေ့ မြန်မာ့အလင်း သတင်းစာဖော်ပြချက်ဆောင်းပါး**

# နိုင်ငံတစ်ဝန်း တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအစာထုတ်လုပ်သည့်လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းထိရှိနေ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတစ်ဝန်း တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများတွင် အစားအစာ ထုတ်လုပ်သည့် လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းထိ ရှိနေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဆိုပါပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်ထိ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၄၅၉၈၂ ခုထိရှိပြီး အဆိုပါလုပ်ငန်းများအနက် တရားဝင်မှတ်ပုံတင် ဆောင်ရွက်နေသည့် အစားအသောက်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများတွင် အကြီးစား ၃၆၅၅ ခု၊ အလတ်စား ၅၃၃၈ ခုနှင့် အသေးစား ၁၄၁၃၃ ခု စုစုပေါင်း ၂၃၁၂၆ ခုဖြင့် အများဆုံးမှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါအစားအစာထုတ်လုပ်သည့်လုပ်ငန်းများမှာ တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့်ပုဂ္ဂလိကစက်မှုလုပ်ငန်းအားလုံး၏ ထက်ဝက်ကျော်ထိရှိနေသဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍအားလုံး၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းထိရှိကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် သစ်နှင့်သစ်အချောထည် (ပရိဘောဂ မပါဝင်)ထုတ်လုပ်ခြင်း လုပ်ငန်းများမှာ ၂၁၆၇ ခုဖြင့် ဒုတိယအများဆုံး၊ အဖျော်ယမကာ ထုတ်လုပ်ခြင်း လုပ်ငန်းများမှာ ၁၇၀၅ ခုဖြင့် တတိယအများဆုံး မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

SKL

# မောင်တောမြို့နယ် ပြားသား(သုခမြိုင်)ကျေးရွာ၌ စာကြည့်တိုက်တည်ဆောက်နေမှု စစ်ဆေး

**မောင်တော ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပြားသား(သုခမြိုင်) ကျေးရွာ၌ စာကြည့်တိုက် တည်ဆောက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပြားသား(သုခမြိုင်)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စာကြည့်တိုက်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မောင်တောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြားသား(သုခမြိုင်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၉၈ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၉၈ သန်းဖြင့် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိစာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၈၀ စိုက်ပျိုးပြီးစီး

**လပွတ္တာ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လပွတ္တာမြို့နယ်တွင် ငရုတ်သီးနှံဧက ၇၈၀ ကို အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်သီးနှံ ဧက ၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်တဲ့ရာသီမှာ ဆောင်းငရုတ်ဧက ၇၈၀ ကို အောက်တိုဘာလ ပထမပတ်က လျာထားစိုက်ပျိုးခဲ့ပါတယ်။ တောင်သူတွေက ငရုတ်စိုက်ပျိုးရေးနဲ့ပတ်သက်လို့ အသိပညာဗဟုသုတတွေ ရှိနေပြီးသားဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တာတွေကိုပဲ ဌာနအနေနဲ့ ကူညီပေးရပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ငရုတ်သီးဈေးသာ လက်ရှိဈေးထက် ပိုမကျဘူးဆိုရင် ငရုတ်စိုက်တဲ့တောင်သူတွေအားလုံး ဈေးကောင်းရရှိမှာဖြစ်ပါတယ်။ အခုစိုက်တဲ့ငရုတ်တွေက သုံးလပိုင်းလောက်မှာ ခူးဆွတ်ရောင်းချနိုင်မှာဖြစ်တယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။



လပွတ္တာမြို့နယ်တွင် စုစုပေါင်း ကျေးရွာ ၂၆ ရွာမှ ဒေသခံတောင်သူ ၂၀၂ ဦးသည် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းငရုတ်များကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ငရုတ်သီးနှံတစ်ဧကလျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ် လေးသိန်းထိရှိပြီး ပြန်လည်ခူးဆွတ်သည့်အခါ ပိုးမွှားအန္တရာယ်မရှိ၊ အလေအလွင့်မရှိပါက ကာလငရုတ်ပေါက်ဈေးဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းမှ ၁၄ သိန်းထိ ပြန်လည်ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် မြသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဒီဇင်ဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြသာကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များကို စီမံကိန်းလည်ပတ်ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သံတောင်ကြီးမြို့နယ် မြသာကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးအတွက် ငွေကျပ် ၃၄၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးအတွက် ငွေကျပ်သိန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၄၂ သိန်း စုစုပေါင်းအသင်းသား ၈၃ ဦးအတွက် ငွေကျပ် ၄၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# အမရပူရမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမရပူရ ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တလင်းကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆန်းဦးက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တလင်းကြီးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူများ၏လုပ်အား၊ ငွေအားထည့်ဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆန်းဦးက ပြောပြ၍ သိရသည်။

**နိုးနိုးကျော်**



# ပြန်လည်ဖွင့်လှစ်သင့်သည့် လက်ဝှေ့နည်းပြဆရာဖြစ်သင်တန်း

ရွှေဘိုဘာမထိခင်အောင်

အတတ်ပညာ၊ နည်းပညာ သင်ကြားပေးသော သင်တန်းများစွာရှိရာ ထိုသင်တန်းများသည် နိုင်ငံတော်ကို အကျိုးပြုပေသည်။

ကျွန်တော်က လက်ဝှေ့သမားပေမို့ တက်ရောက်ခဲ့သည့် လက်ဝှေ့နည်းပြ ဆရာဖြစ်သင်တန်း အကျိုးသက်ရောက်ပုံကို ရေးသားဖော်ပြပါမည်။

**အမှတ်စဉ် (၁) ခရိုင် လက်ဝှေ့နည်းပြ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၆ ခုနှစ်က ဗဟိုအားကစားနှင့်ကာယပညာဦးစီးဌာနက ဦးစီးလျက် အမှတ်စဉ် (၁) ခရိုင်လက်ဝှေ့နည်းပြ ဆရာဖြစ်သင်တန်းတစ်ရပ်ကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ၁၉၆၆ ခုနှစ်က နှစ်လသင်တန်းဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသည်။ စာတွေ့နှင့် လက်တွေ့ပါ တစ်နိုင်ငံလုံးရှိ သင်တန်းသား ၅၇ ဦး တက်ရောက်သင်ကြားလေ့ကျင့်ကြရ၏။ ဌာနဆိုင်ရာက လက်ဝှေ့ချန်ပီယံဟောင်းများ၊ ကြည်း၊ ရေ၊ လေနှင့် ပြည်သူ့ရဲတပ်ဖွဲ့မှ လက်ဝှေ့ချန်ပီယံဟောင်းများဖြစ်ကြပေသည်။

လက်ဝှေ့သင်တန်း နည်းပြဆရာချုပ်မှာ ဆရာကျားဘညိမ်း (ဗဟိုလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး N.F.C)ဖြစ်၏။ ဆရာကျားဘညိမ်း၏ လက်ထောက်နည်းပြဆရာတို့မှာ ဆရာဦးကျော်မြင့်(မောင်ရင်သြ)၊ ဆရာရဲတင် (၁၉၆၁ ကျွန်းဆွယ်ရွှေတံဆိပ်ရချန်ပီယံ)၊ ဆရာဦးတင်အောင် (၁၉၆၁ - ကျွန်းဆွယ်ရွှေတံဆိပ်ရချန်ပီယံ)တို့ဖြစ်သည်။ ဆရာကျားဘညိမ်းအပါအဝင် လေးဦးစလုံး မန္တလေးသားများဖြစ်ပြီး ရွှေကျားလက်ဝှေ့အသင်း ဆရာကျား၏တပည့်ရင်းများဖြစ်ကြ၏။

အခြားသော လက်ဝှေ့နည်းပြဆရာများမှာ သမန်းကျားမောင်မြင့် (CID) မြွေပွေးသိန်းမောင်၊ ဗိုလ်အေးကိုတို့ဖြစ်ကြပေ၏။ တကယ့်လက်ဝှေ့အကျော်အမော်တို့ဖြင့် ဆရာကြီးကျားဘညိမ်းက ဦးဆောင်ကာ တည်ဆောက်ဖွဲ့စည်းထားသော အဆင့်မြင့်သင်တန်းဖြစ်သည်။

**ဝိုင်းကူဖြည့်ဆည်းပညာရှင်များ**

ကျွန်တော်တို့၏ ခရိုင်လက်ဝှေ့နည်းပြဆရာဖြစ်သင်တန်းသို့ ရန်ကုန်တိုင်းမှ ပါတီဝိုင်းဆိုင်ရာ ပါတီယူနစ်မှ လူတချို့၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြလေးစိန်က ကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဗဟိုအားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျွမ်းဘားနည်းစနစ်မှူး ဆရာဦးစောလှမြင့်က ကျွမ်းဘားနည်းပညာနှင့်ပတ်သက်၍လည်းကောင်း၊ ဗဟိုအားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးတက္ကသိုလ်နိုင်ဝင်း (စာရေးဆရာ)က အလေးမနည်းပညာနှင့်ပတ်သက်၍လည်းကောင်း၊ ဗိုလ်မှူးမျိုးသန့်က ကမ္ဘာ့အိုလံပစ် လက်ဝှေ့ပွဲအတွေ့အကြုံနှင့်ပတ်သက်၍လည်းကောင်း စိတ်ပါဝင်စားဖွယ် အလှည့်ကျလာရောက်ဟောပြောပေးကြသဖြင့် ကျွန်တော်တို့သင်တန်းသား ၅၇ ဦး ဗဟုသုတအမြောက်အမြားရပါသည်။

ထို့ကြောင့် ဤသင်တန်းအဆင့်မြင့်၏။ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ၊ ကျွန်းဆွယ်ချန်ပီယံများ တက်ရောက်သည်။ ၁၉၅၆ မဲလ်ဘုန်းအိုလံပစ်၊ ၁၉၆၀ ရောမအိုလံပစ်၊ ၁၉၆၄ တိုကျိုကမ္ဘာ့အိုလံပစ် သုံးကြိမ်ပြန်သိန်းမြင့်၊ ရောမအိုလံပစ်ပြန် မန္တလေးသန်းထွန်း၊ ရောမအိုလံပစ်ပြန်လှညွန့်၊ တိုကျိုအိုလံပစ်ပြန် တင်ထွန်းနှင့် ဂျိတ်ဘာဝါးကျွန်းဆွယ်ငွေတံဆိပ်ရ ချန်ပီယံရဲမြင့်(ဗိုလ်ကွန်း)၊ လှရွှေ (အရှေ့တောင်အာရှ ရွှေတံဆိပ်ဆုရ)၊ အစွရေးပြန်ကြီးမောင်၊ အာရှ ချန်ပီယံ အောင်မောင်၊ အရှေ့တောင်အာရှ ရွှေတံဆိပ်ရ မောင်သိန်း၊ အရှေ့တောင်အာရှ ရွှေတံဆိပ်ရသိန်းလွင်၊ ဆန်နီဘွိုင်း(မန္တလေး)၊ တင်အောင်ကျော်(ဟသာ်တ)၊ မြန်မာ့လက်ရွေးစင် ဝါးခယ်မကြီးမောင်၊ ရှမ်းစိုင်းတင်မြင့်(အရှေ့တောင်အာရှငွေတံဆိပ်ရ)၊ စွပ်ဗဟာဒူ(မြစ်ကြီးနား)၊ အလက်ဇင်းဒါ(အင်းစိန်)၊ KILLEL ထွန်းမောင်၊ C.I.D သိန်းလွင်(တောင်ကြီး)၊ စောထူးဝါး၊ မြဝတီ စောအောင်မင်း(ကော့ကရိတ်)စသည့် တကယ့်ချန်ပီယံလက်သီးကျော်များ တက်ရောက်သင်ကြားလေ့ကျင့်ကြသည်။ သင်တန်းတွင် အားလုံးစာတွေ့လက်တွေ့ပြိုင်ရ၏။

နိုင်ငံတော်၏ဂုဏ်ကို လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ မြှင့်တင်ပေးနိုင်စွမ်းရှိသည့် လက်သီးကျော်မြောက်များ

❖ လက်သီးသမားကောင်း အများဆုံးပေါ်ထွန်းအောင်လုပ်နိုင်တဲ့ နည်းပြဆရာကို ဆရာတို့ဗဟိုလက်ဝှေ့အဖွဲ့ချုပ်က ဆုပေးမယ်။ တစ်ခုမှာလိုက်မယ်။ ကိုယ့်ဒေသကိုပြန်ရောက်ရင် မိမိတို့ရဲ့ဌာနကလူကြီးတွေ၊ မြို့၊ ခရိုင်ကိုအုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေနဲ့ လက်တွဲပြီးလုပ်ရမယ်။ ငါတကော မကောကြပါနဲ့။ လက်ဝှေ့သင်တန်းပို့ချရာမှာ၊ လက်ဝှေ့ပွဲကျင်းပရာမှာ လူကြီးတွေရဲ့ခွင့်ပြုချက်ကိုရယူပြီးမှ လုပ်ကြပါ။ မိမိရဲ့မိခင်ဌာနကို ကျော်ပြီးမလုပ်ပါနဲ့။ ပြဿနာရှိခဲ့ရင်၊ ခက်ခက်ခဲခဲဖြစ်နေရင် အနီးဆုံး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူးတို့ကို တင်ပြပြီး ပြေလည်အောင်လုပ်ကြပါ။ ❖

ထွာပါဝင်သော လက်ဝှေ့နည်းပြဆရာဖြစ်သင်တန်းဖြစ်နေသဖြင့် အားရစရာကောင်းလှပေ၏။

**ဆရာကျားဘညိမ်း၏ မှာကြားချက်**

"တပည့်တို့ ဒီလက်ဝှေ့နည်းပြဆရာဖြစ် သင်တန်း အမှတ်စဉ် (၁) က တော်တော်ထူးလှတယ်။ လက်ဝှေ့သတ်ပြီး နိုင်ငံ့ရဲ့ဂုဏ်ကို တောက်ပစေခဲ့ကြတဲ့ လက်ဝှေ့သူရဲကောင်းတွေ လက်ညှိုးထိုးမလွဲတက်ရောက်လာကြလို့ပါပဲ။ ဒါဟာကောင်းတဲ့လက္ခဏာပါ။ လူကြီးတွေကလဲ အားရကျေနပ်နေကြတယ်ပေါ့။ ဒီသင်တန်းဟာ နိုင်ငံတော်အသိအမှတ်ပြု သင်တန်းဖြစ်တဲ့အတွက် တပည့်တို့ဂုဏ်ယူထိုက်ပါတယ်။ ကိုယ့်ဒေသကိုပြန်လည်ရောက်ကြတဲ့အခါ တပည့်တို့တတ်ကျွမ်းခဲ့တဲ့ လက်ဝှေ့ပညာရပ်တွေကို စာတွေ့ကောလက်တွေ့ပါ စေတနာရှေ့ထားပြီး သင်ကြားလေ့ကျင့်ပေးကြပါ။ လက်ဝှေ့အားကစားနဲ့ပတ်သက်တဲ့ လက်ဝှေ့လေ့ကျင့်အိတ်၊ သဲအိတ်၊ ခေါင်းစွပ်တွေကို တစ်ဦးချင်းစီလက်ဆောင်အဖြစ် ဦးစီးဌာနညွှန်ချုပ်ကြီးဖြစ်တဲ့ ဗိုလ်မှူးကြီးဂွမ်းရှိန်က ပေးမှာဖြစ်တယ်။ အားရပါးရသုံးကြပေတော့။ ကိုယ့်ဒေသကိုရောက်ရင် အခြေခံလက်ဝှေ့သင်တန်းပေးပြီး ပြိုင်ပွဲကျင်းပပေးကြပါ။ လက်ဝှေ့သမားဟောင်းကြီးတွေကို အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင်သင်တန်း၊ ဂျူရီသင်တန်းတွေကို စာတွေ့လက်တွေ့သင်ပြပေးကြပါ။ စာမေးပွဲစစ်ပါ။ တကယ်အဆင့်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ အထူးလူသစ်တန်း လက်ဝှေ့ပြိုင်ပွဲတွေကို ကျင်းပပေးပါ။ လက်ရည်ကောင်း၊ သတ္တိကောင်းတဲ့ကလေးတွေကို စိစစ်မှတ်သားပြီး မြို့နယ်ချင်း၊ ခရိုင်ချင်း၊ တိုင်းချင်းယှဉ်တဲ့ လက်ဝှေ့ဗိုလ်လုပွဲတွေမှာ ထိုးစေပေါ့ကွာ။ လက်ရည်ကောင်း၊ သတ္တိကောင်းတဲ့လက်ဝှေ့သမားလေးတွေကို ဗဟိုလက်ဝှေ့အဖွဲ့ချုပ်က အလုပ်ပေးခေါ်မွေးထားမယ်။ နိုင်ငံ့အတွက်ဖြစ်စေရမယ်။ တပည့်တို့ဆရာတွေ ဘယ်လောက်အရည်အသွေးရှိတယ်ဆိုတာကို လက်တွေ့အစွမ်းပြကြပေတော့။ ဆရာအချင်းချင်းပြိုင်ကြနော်။ လက်သီးသမားကောင်း အများဆုံးပေါ်ထွန်းအောင် လုပ်နိုင်တဲ့နည်းပြဆရာကို ဆရာတို့ဗဟိုလက်ဝှေ့အဖွဲ့ချုပ်က ဆုပေးမယ်။ တစ်ခုမှာလိုက်မယ်။ ကိုယ့်ဒေသကိုပြန်ရောက်ရင် မိမိတို့ရဲ့ဌာနက လူကြီးတွေ မြို့၊ ခရိုင်ကိုအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ လက်တွဲပြီးလုပ်ရမယ်။ ငါတကော မကောကြပါနဲ့။ လက်ဝှေ့သင်တန်းပို့ချရာမှာ၊ လက်ဝှေ့ပွဲကျင်းပရာမှာ လူကြီးတွေရဲ့ခွင့်ပြုချက်ကို ရယူပြီးမှ လုပ်ကြပါ။ မိမိရဲ့ မိခင်ဌာနကိုကျော်ပြီးမလုပ်ပါနဲ့။ ပြဿနာရှိခဲ့ရင်၊ ခက်ခက်ခဲခဲဖြစ်နေရင် အနီးဆုံး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှူးတို့ကိုတင်ပြပြီး ပြေလည်အောင်လုပ်ကြပါ။ တပည့်တို့အားလုံး အောင်မြင်ကြပါစေ" ဆရာကျားဘညိမ်း၏ သင်တန်းဆင်းမှာကြားချက်ဖြစ်ပါသည်။

ကျွန်တော်တို့၏ ဆရာကျားဘညိမ်းက စုံစုံစေ့စေ့ပြောသွား၏။ ဆရာပြောကြားမှု အလုံးစုံသည် ကျွန်တော်တို့၏ ရှေ့လုပ်ငန်းစဉ်များဖြစ်နေပါသည်။ အလွန်ပဲတန်ဖိုးရှိ၏။ မှတ်သားစရာတွေချည်းပါ။ ကျွန်တော်က လက်ရေးတိုရေးတတ်၍ လိုက်မှတ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲ၌ ဗဟိုအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းပါတီယူနစ်မှပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။

ဗဟို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တိုင်းပါတီယူနစ်မှပုဂ္ဂိုလ်ကလည်း အားပေးစကားပြောခဲ့၏။

သင်တန်းဆင်းအောင်လက်မှတ်အသီးသီးပေးရာဝယ် ပထမအဆင့် စာတွေ့စာမေးပွဲအောင်မြင်သူငါးဦးစာရင်းကို သင်တန်းနည်းပြဆရာဦးကျော်မြင့် (မောင်ရင်သြ)က ဖတ်ပြ၏။ INTERNATIONAL BOXING RULES စာမေးပွဲတွင် ရွှေဘိုခရိုင်ကိုယ်စားပြုနည်းပြဆရာဖြစ်သည့် ဘာမထိခင်အောင်က ၈၉ မှတ်နဲ့ ပထမဟုကြေညာလိုက်ရာ အားလုံးက လက်ခုပ်သြဘာပေးလိုက်ကြသည်မှာ တစ်ရုံလုံး ဟိန်းဟည်း၍သွားတော့သည်။ ကျွန်တော်ဝမ်းသာ၍မဆုံး ဂုဏ်ယူ၍မဝမဖြစ်ရသည်။ ကျွန်တော်ကြိုးပမ်းရကျိုးနပ်ပြီ။ ဒုတိယကဆန်နီဘွိုင်(မန္တလေး)၊ တတိယက သိန်းလွင်(တောင်ကြီး)၊ စတုတ္ထက တင်အောင်ကျော် (ဟသာ်တ)၊ ပဉ္စမက တင်ထွန်း(ရန်ကုန်)တို့ ဗိုလ်စွဲခဲ့ပါသည်။

**သင်တန်းဆင်းပြီးနှစ်လအကြာ ကန့်ဘလူမြို့နယ်မှာ**

၁၉၆၆ ခုနှစ် စက်တင်ဘာလတွင် သင်တန်းဆင်းကြသည်။ ထို့နောက် ကျွန်တော်သည် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်သို့ နိုဝင်ဘာလ၌ အခြေခံလက်ဝှေ့သင်တန်းသွားရောက်ဖွင့်လှစ်ခဲ့၏။ လက်ဝှေ့သင်တန်းသား ဦးရေ ၁၀၀ ခန့် တက်ရောက်သင်ကြားကြ၏။ ရွှေဘိုမြို့နယ် ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယတာဝန်ခံ(စားကုန်)ရာထူးဖြင့် အမှုထမ်းသူဖြစ်သဖြင့် ဌာနဆိုင်ရာခွင့်ပြုချက်ရယူခဲ့ရ၏။ ထိုသင်တန်းဖွင့်လှစ်ခဲ့ရာဝယ် ကန့်ဘလူမြို့နယ်ပါတီယူနစ်၊ အထက်တန်းကျောင်းအုပ်၊ မြို့မိ၊ မြို့ဖအဖွဲ့များက ဝိုင်း၍ကူညီခဲ့၏။ ကန့်ဘလူမြို့နယ်၌ ပထမဦးဆုံး ဖွင့်လှစ်သည့် အခြေခံလက်ဝှေ့သင်တန်းဖြစ်သဖြင့် ထူးဆန်းနေပုံရသည်။ ညနေတိုင်း မြို့ပရိသတ်ဦးရေ ၃၀၀ ခန့် လာရောက်ဝိုင်းကြည့်ကြ၏။ အားရစရာပါ။ ကျောင်းသားတွေချည်းဖြစ်၏။ သင်တန်းကာလတစ်လအတွင်း လက်ဝှေ့သင်တန်းသား ဦးရေ ၁၀၀ မှ ဦးရေ ၅၀ ထွက်သွားကြသည်။ ကျွန်တော်က ၁၉၅၉ ခုနှစ်ကတည်းက ရွှေဘိုမြို့တွင် စေတနာ့ဝန်ထမ်း (ငွေမယူဝင်ကြေး၊ ထွက်ကြေးမရှိ) လက်ဝှေ့သင်တန်းများ လေးလတစ်ကြိမ်ပေးခဲ့၍ သိနေပါသည်။ ၁၉၅၉ ခုနှစ်က ကိုယ်တိုင်လက်ဝှေ့ပွဲများလည်းထိုးတတ်၊ နည်းလည်းပြလျက်ရှိ၏။ ၂၀၀၃ ခုနှစ်ထိ ၄၄ နှစ်တိုင်တိုင်(စေတနာ့ဝန်ထမ်း) လက်ဝှေ့နည်းပြဆရာအဖြစ် လုပ်ခဲ့သည်။ ၄၄ နှစ်လုံးလုံး ငွေတစ်ကျပ်တောင်မရဘဲ ဘာဖြစ်လို့လုပ်ရတာလဲလို့ မေးစေချင်လိုက်တာ။ သတင်းစာတစ်စောင်တွင် စာတစ်ကြောင်းဖတ်ခဲ့ရ၏။ **မိမိနိုင်ငံကို မိမိတတ်ကျွမ်းသည့်ပညာဖြင့် အလုပ်အကျွေးပြုကျေးဇူးဆပ်ရန်သည် မွေးရာပါတာဝန်ဖြစ်သည်** ထိုစာတစ်ကြောင်းကို အလွန်သဘောကျလှသဖြင့် ကျွန်တော်သည် နှစ်ပေါင်း ၄၄ နှစ်တိုင် စေတနာ့ဝန်ထမ်းလက်ဝှေ့နည်းပြဆရာအဖြစ် မိမိကိုယ်မိမိ တာဝန်ပေး၍ လုပ်ခဲ့ခြင်းဖြစ်ကြောင်း ငွေရေးကြေးရေးမလိုပါ နိုင်ငံတော်အတွက် ရည်ရွယ်ခြင်းဖြစ်၏။

ကျွန်တော်က လူငယ်လူရွယ်လက်ဝှေ့သင်တန်းသားအားလုံးကို မူ (၆) ချက်ဖြင့် ရည်ရွယ်၍သင်တန်းပေးခဲ့သည်။

(၁) အကျင့်စာရိတ္တကောင်းလာရေး
(၂) စည်းကမ်းရှိလာရေး
(၃) တိုင်းချစ်ပြည်ချစ်စိတ်ရှိလာရေး
(၄) စိတ်ဓာတ်ကြံ့ခိုင်ရေး
(၅) ကိုယ်ကာယကြံ့ခိုင်လာရေး
(၆) လက်ဝှေ့ပညာတတ်မြောက်လာရေး

လက်ဝှေ့ချန်ပီယံမဖြစ်ချင်နေ အမှတ်စဉ် (၁) မှ (၅) ထိ လက်ဝှေ့သင်တန်းသားတို့ လိုက်နာပါက နိုင်ငံတော်အတွက် အသုံးဝင်သည့် လူရည်မွန်ဖြစ်နိုင်ပြီဖြစ်သည်။ ထိုရည်ရွယ်ချက်ကြောင့် ကျွန်တော် နှစ်ပေါင်း ၄၄ နှစ်တိုင်တိုင် ကိုယ့်ကိုယ်ကိုယ်တာဝန်ပေးလုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသည်။ လက်ဝှေ့သင်တန်းများ ပြန်လည်ဖွင့်ပေးလျှင် ယနေ့အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်လျက် လက်ဝှေ့နည်းပြဆရာဖြစ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဆိုပါလျှင် နိုင်ငံတော်အတွက် လက်ဝှေ့ကျော်များပေါ်ထွန်းလာနိုင်မည်ဖြစ် ပါကြောင်း ရေးသားလိုက်ရပေသည်။

# (၈၇)ကြိမ်မြောက် တောင်ပိုင်းရှမ်းပြည် သာသနာပြုခရီးစဉ် (ကထိန်အောင်ပွဲ)

| | | |
|---|---|---|
| ၁။ **သွားမည့်ကာလ** | - | ၁၁-၂-၂၀၂၃ မှ ၁၃-၂-၂၀၂၃ (ပြည်ထောင်စုနေ့ပိတ်ရက်၊ (၂ ညအိပ်၊ ၃ ရက်) |
| ၂။ **ခရီးစဉ်** | - | တောင်ကြီး၊ အင်းလေး၊ ကုံလုံ၊ ပင်းတယ၊ ထန်စမ်းဂူ (တောင်ကြီးနှင့် အင်းလေး ညအိပ်) |
| ၃။ **ခရီးစရိတ်** | - | ၈ သောင်း (ရှစ်သောင်း)၊ (စားသောက်မှု မိမိအစီအစဉ်ဖြင့် ဒေသအစားအစာ စားနိုင်ရန်) |
| ၄။ **လူဦးရေ** | - | (၄၅)ဦး (စာရင်း၊ ငွေ၊ ဓာတ်ပုံ(၂)ပုံ၊ စီစစ်ရေးကတ် ကော်ပီ(၁)ရွက် |
| ၅။ **နောက်ဆုံးရက်** | - | ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ (၁)ရက် (ကားတစ်စီးအပြည့်အထိသာ လက်ခံပါမည်) |
| ၆။ **ငွေ + စာရင်းပေးရမည့်နေရာ** | - | ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၊ ၆၂လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၉၇၅၇၆၄၃၂၃ |

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

# ကရင်ပြည်နယ်သို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၁၁၃၂၁၂ ဦး လာရောက်လည်ပတ်ခဲ့



**ဘားအံ ဒီဇင်ဘာ ၁၄**

ကရင်ပြည်နယ်သို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၁၁၃၂၁၂ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

ကရင်ပြည်နယ်သည် လေ့လာလည်ပတ်စရာလိုဏ်ဂူများစွာရှိနေပြီး စိမ်းလန်းသောလယ်ကွင်းများ၊ လှပသော ထုံးကျောက်တောင်များဖြင့်ဝန်းရံလျက်ရှိရာ ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာလည်ပတ်နိုင်သည့် ဇွဲကပင်တောင်၊ လုမ္ဗိနီဥယျာဉ်၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ စသည့် လေ့လာလည်ပတ်စရာဂူများစွာရှိကြောင်း၊ ထို့ကြောင့် နှစ်စဉ်ပြည်တွင်း၊ ပြည်ပခရီးသွားများစွာ လာရောက်လည်ပတ်နေသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်နေကြောင်း သိရသည်။

သို့သော် ကိုဗစ်ရောဂါကြောင့် ကရင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းများရပ်နားခဲ့ရပြီး ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည် စတင်နေပြီဖြစ်သောကြောင့် ကရင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများအရ ကရင်ပြည်နယ်တွင် ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်ထိ လိုင်စင်ရဟိုတယ်နှင့် တည်းခိုရိပ်သာ ၅၆ လုံး၊ အခန်းပေါင်း ၁၉၂၈ ခန်းထိ ပြန်လည် ဖွင့်လှစ်ဆောင်ရွက်လာခဲ့ကြောင်း၊ ထို့ပြင် တည်ဆောက်ခွင့် ခွင့်ပြုမိန့်ရဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၆ လုံး၊ အခန်းပေါင်း ၈၂၉ ခန်းဖြင့် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း အစရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများကို အခါအားလျော်စွာဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ခွင့်ပြုလုပ်ငန်းလိုင်စင်များလည်းထုတ်ပေးထားပြီး ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် ဘားအံမြို့ကို ကရင်ပြည်နယ်၏ ခရီးသွားမြို့တော်အဖြစ် ဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၁၁၃၂၁၂ ဦးထိ လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**ချမ်းချမ်း**

# တန့်ယန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တန့်ယန်း ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းထပ်တိုးဆောင်ရွက်မည့် ခိုယောင်းကျေးရွာအုပ်စု ခိုတောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက် ၉နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ခိုတောင်းကျေးရွာကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

**နီလာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**







# ဝန်ထမ်းအလိုရှိသည်

**(၁) အရောင်းဝန်ထမ်း အမျိုးသမီး (၅) ဦး**

**(၂) စာရင်းကိုင် အမျိုးသမီး (၂) ဦး**

အမှတ်စဉ်(၁) ဘွဲ့ရပြီးဖြစ်ရမည်၊ အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်၊ အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက် ဖျက်ဖျာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊ အကျင့်စာရိတ္တ အထူး ကောင်းမွန်ရမည်၊ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူဖြစ်ရမည်၊ မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ရုပ်ရည်ချောမောပြေပြစ်ရမည်၊ အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

အမှတ်စဉ်(၂) ဘွဲ့ရပြီး အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ LCCI LevelI, II & III အောင်မြင်ပြီးသူဖြစ်ရမည်၊ ပြုံးရွှင်ချိုသာစွာဆက်ဆံ၍ လူမှုဆက်ဆံရေး အထူးကောင်းရမည်၊ ရုပ်ရည် ချောမောပြေပြစ်ရမည်၊ အရောင်းဝယ်နှင့်ပတ်သက်၍ စိတ်ရှည်သွက်လက်ဖျက်ဖျာပြီး စိတ်ပါဝင်စားသူဖြစ်ရမည်၊ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်၊အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

မှတ်ချက်။ လျှောက်ထားသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ၊ အိမ်ထောင်စုဦးရေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့်သက်ဆိုင်ရာ ထောက်ခံစာ၊ လျှောက်ထားလိုသော လုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူအလုပ်အားအမှန်တကယ်လုပ်ကိုင်လိုသူများလျှောက်ထားရန်၊ (၂၀.၁၂.၂၀၂၂) နေ့ နောက်ဆုံး ရုံးချိန်အတွင်း လာရောက်လျှောက်ထားရန်။

အမှတ် - 249၊ 26-B လမ်း၊ 82nd x 83rd လမ်းကြား၊ တော်ဝင် စိန်တိုက်၊ မန္တလေးမြို့။

---

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊**
**ရွှေသာလျောင်းစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသက်န်း**
**ကပ်လှူပူဇော်နိုင်ရန် နှိုးဆော်လွှာ**

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်ရှိ

**ရွှေသာလျောင်းစေတီတော်မြတ်ကြီး** လုံးတော်ပြည့်ရွှေသကၤန်းကပ်လှူခြင်းကို ၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊ (၁၇-၁၁-၂၀၂၂)ရက်နေ့မှစတင် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များမှ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ပန်ကြားအပ်ပါသည်။

**"ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာများ"**

ဂေါပကအဖွဲ့ရုံး

ရွှေသာလျောင်းဘုရား၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည်မြို့

၀၉ - ၂၅၆၂၄၉၉၉၆၊ ၀၉ - ၄၀၂၅၂၄၉၂၁၊ ၀၉ - ၂၀၀၇၅၇၀

---

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အ.မ.က (၈၇) Grade-3 မှ မမြတ်ပန်းဖူးဖူးချစ်၊ Grade-2 မှ မောင်လင်းမြတ်ကြယ် တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကောင်းထက်ဇံ ဖြစ်ပါကြောင်း။

**ဦးကောင်းထက်ဇံ(၉/မဟမ(နိုင်)၀၀၄၉၁၁)**

---

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နယ်နေ ရုရုမြတ်(ဘ) ဦးအောင်မြင့် (၁၄/ဟသတ(နိုင်)၀၀၀၆၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၄၀၈၃၇၆၇၃

**ပျောက်ဆုံးကြောင်း**

ဇလွန်မြို့နယ်နေ ထွန်းထွန်း(ဘ) ဦးသန်းမြင့် (၁၄/ဇလန(နိုင်)၁၂၀၄၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၉၄၄၄၈၈၄၅

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ သက်ပေပေမာအောင် (၁၄/ပသန(နိုင်)၁၅၅၅၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၅၁၃၅၃၆၆

**ပျောက်ဆုံးကြောင်း**

ကန့်ဘလူမြို့နယ်နေ ဝင်းထိုက်(ဘ) ဦးခင်မွေ (၁၄/ကကထ(နိုင်)၂၁၁၂၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၉၃၇၇၉၁၂၆

**ပျောက်ဆုံးကြောင်း**

တပ်ကုန်းမြို့နယ်နေ တင်မျိုး(ဘ) ဦးဝင်းမောင် (၉/တကန(နိုင်)၁၄၂၂၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မိတ္ထီလာမြို့နယ်နေ ခက်ခက်မာ(ဘ) ဦးခင်မောင်မွေ (၉/မထလ(နိုင်)၃၄၂၆၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နယ်နေ ချမ်းမြေ့ဦး(ဘ) ဦးအောင်မြင့်စိန် (၁၄/ရကန(နိုင်)၁၅၅၂၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၅၅၁၄၃၈၂၂

**ပျောက်ဆုံးကြောင်း**

လပွတ္တာမြို့နယ်နေ စန္ဒာမွေး(ဘ) ဦးလှသိန်း (၁၄/လပတ(နိုင်)၂၄၉၃၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၀၉၉၅၈၆၄၅၇၂၉

**ဥတ္တရာသီ တောက်ပို့မှီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...

❖ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိ...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇော်တင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ပူတာအိုလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၁၇ ကော်လံ ၃ ☆**

ပူတာအိုဒေသတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ ပညာရည်မြင့်မားတိုးတက်စေရေး အားလုံးပိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပညာရေးဝန်ထမ်းများမှပေးသည့် ပညာရေးသည် မိမိတို့ကလေးငယ်များ၏အနာဂတ်ဘဝအထောက်အပံ့ကို များစွာဖြစ်စေနိုင်သောကြောင့် ပညာရေးဝန်ထမ်းများကိုလည်း အားပေးစောင့်ရှောက်ရန်လိုအပ်...

